



SAMPLE BOOK
mgyoe.com




လွှမ်းနေဦးမည် ငွေတောင်ပြည် ( မျိုး )

9 782023 000397

# မျိုး

လွှမ်းနေဦးမည် ငွေတောင်ပြည်

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၃၉)

ပုံနှိပ်မှတ်တမ်း




# ပျိုး

## လွှမ်းနေဦးမည့် ငွေတောင်ပြည်


ထုတ်ဝေသည့်အကြိမ် ♦ ဒုတိယအကြိမ်၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ မြင့်မောင်ကျော်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀

စာအုပ်တန်ဖိုး ♦ ၅၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

ပျိုး
လွှမ်းနေဦးမည့် ငွေတောင်ပြည် / ပျိုး။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၆၈၊ ၁၃.၉၇ စင်တီ × ၂၀.၃၂ စင်တီ
(၃၉) လွှမ်းနေဦးမည့် ငွေတောင်ပြည်


mgyoe.com

mgyoe.com SAMPLE BOOK

**ဆရာမြင့်မောင်ကျော်ရဲ့**
**အမှတ်တရစကား**

ဒီဝတ္ထုရဲ့ မျက်နှာဖုံးပန်းချီကို ရေးပြီးသည်အထိ
စာရေးဆရာမနှင့် ကျွန်တော် မတွေ့ဖူး မဆုံဖူးသေးပါ။
"စာရိပ်မြိုင်" က ယုံကြည်ရတဲ့ ကိုပြည့်အာကာ
အီးမေးနဲ့ လှမ်းပို့တဲ့စာမူကို ဖတ်ရခြင်းဖြစ်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

"လွမ်းနေရဦးမည့် ငွေတောင်ပြည်" ဆိုတာ ကျွန်တော်ကိုယ်တိုင် ပန်းချီကားအပ်ထည်အချို့အတွက် သမီးတို့ ပြန်လာနိုင်တဲ့ရက် မိသားစုလိုက် ခရီးထွက်ပြီး ရက်အနည်းငယ်ကြာ နေထိုင် လေ့လာ အားရပျော်ပါးခဲ့တဲ့ အရပ်ဒေသဖြစ်နေတယ်။ ဆရာမ ပျိုးရဲ့ ဝတ္ထုကို ဖတ်ကြည့်တဲ့အခါ. . . သေသည် ၏ အခြားမဲ့အထိ ရဲရင့် ပြတ်သားလှတဲ့ ယုံကြည်ချက်နဲ့ နေသွားတဲ့ ဇာတ်ကောင်လူငယ်တစ်ယောက်ဟာ ကျွန်တော်ပန်းချီကားရေးမယ့်ပုံတွေကို မျက်နှာဖုံးပုံအဖြစ် ပြောင်းလဲပစ်ဖို့ တွန်းအားဖြစ်စေခဲ့ပါတယ်။

ကျွန်တော့် မျက်နှာဖုံးနဲ့ သရုပ်ဖော်ပန်းချီရေးသက်အတွင်းမှာပဲ "လွတ်လပ်ရေးမရခင်က လွတ်လပ်စွာ ရေးသားခဲ့ကြတဲ့ဝတ္ထုတွေ၊ ဆိုရှယ်လစ် အစိုးရလက်ထက်မှာ "အကျိုးလိုလို့ ညောင်ရေလောင်း" ဆိုတာမျိုး "နိုင်ငံရေးပေါ်လစီ" ထဲဝင်အောင် မူနဲ့ ဘောင်နဲ့ မလွတ်မလပ်ရေးခဲ့ကြတဲ့ ဝတ္ထုတွေပါသလို၊ နည်းမျိုးစုံနဲ့ အရေးယူ အပြစ်ပေးခံရတဲ့အထိ ရဲဝံ့စွာ ရေးဖွဲ့ခဲ့ကြတဲ့ ဝတ္ထုစာမူတွေရှိသလို၊ အခုလို ကိုယ်ယုံကြည်ရာကို လွတ်လပ်ပေါ့ပါးစွာ ရေးသားတဲ့ ခေတ်လူငယ်စာရေးဆရာတွေရဲ့ ဝတ္ထုတွေကိုပါ ဖတ်ရှု ခံစားရေးဆွဲခွင့်ရလာတာကို ပန်းချီရေးရုံမျှမက စာရေး စာဖတ်တာကိုပါ ဝါသနာကြီးလှတဲ့ ကျွန်တော့်အတွက် နှစ်ထောင်းအားရစွာ ဝမ်းသာမိပါကြောင်း. . . ထပ်လောင်းပြောပြချင်ပြန်ပါတယ်။

မြင့်မောင်ကျော်

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အမှတ်တရ စကား

ကျွန်မ ၂၀၀၇ ခုနှစ်လောက်မှာ လွိုင်ကော်က အစ်မဝမ်းကွဲဖြစ်သူရဲ့ ခေါ်ယူမှုကြောင့် အစ်မရဲ့အဆောင်ကလေးမှာ စာသွားသင်ခဲ့ရဖူးပါတယ်။ အဲသည် အဆောင်ကလေးမှာ တွေ့ကြုံခဲ့ရတဲ့ အမှတ်တရတွေကို ဒိုင်ယာရီလေး ရေးဖြစ်ခဲ့ပါတယ်။

ကယားပြည်နယ်ရဲ့ မြို့ကလေးမို့ တိုင်းရင်းသားသံဝဲဝဲကလေးတွေနဲ့ ရင်းနှီးခွင့်ရခဲ့ပါတယ်။ အထူးသဖြင့် စကားပြောကြတဲ့အခါ တစ်ခုခုဆိုရင် အရှေ့မှာ "အီး" ဆိုတဲ့ အာမေဍိတ်သံကလေးသုံးတဲ့ အသုံးဟာ ကျွန်မအတွက်တော့ ထူးဆန်းပြီး ချစ်စဖွယ်ကောင်းနေခဲ့ပါတယ်။

နောက်တော့ စာသင်နှစ်ပြီးသွားတဲ့အခါ ကျွန်မ အိမ်ပြန်ခဲ့ပါတယ်။ အုန်းပင်တွေပေါတဲ့ တောင်ပေါ်မြို့ကလေး၊ အမြဲတစေ သန့်ရှင်းသပ်ရပ်တဲ့ မြို့ကလေး၊ မက်ခါသီးထောင်းနဲ့ ကယားဝက်အူချောင်း၊ ဟင်းထုပ်၊ ခရုဟင်းနဲ့ ခေါင်ရည်၊ မြေပဲဆံထောင်းဟင်း စသဖြင့် ကျွန်မအကြိုက်အစားအစာတွေ ပေါတဲ့မြို့ကလေး။ ညနေခင်းတိုင်း တိတ်ဆိတ်တဲ့မြို့ကလေးရဲ့ ဘီလူးချောင်းတံတားလေးဆီ လမ်းလျှောက်ထွက်ရင်း စိမ်းညို့နေတဲ့ ရေပြင်ကို အမြဲငေးဖြစ်ခဲ့တာလည်း ဘဝမှာ ဘယ်တော့မှ ပြန်မရနိုင်တော့တဲ့ အမှတ်တရတစ်ခုပါပဲ။

ပြောရရင် အချိန်တန်လို့ အိမ်ပြန်လာခဲ့ရပေမယ့် သည်မြို့ကလေးကို

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ လွမ်းရတယ်ပေါ့လေ။ ထူးထူးခြားခြား ကယားဒေသနဲ့လည်း ကြုံခဲ့ရဖူးတော့ နှင်းဝေတဲ့ဆောင်းကို ရောက်ရင် ကျွန်မ သည်မြို့ကလေးကို ပိုလို့လွမ်းရပါတယ်။ ဘဝမှာ တစ်ခါမှ မပျော်ခဲ့ဖူးတဲ့ ခရစ္စမတ်ညကိုလည်း သည်မြို့လေးမှာပဲ ကြုံခဲ့၊ ပျော်ခဲ့ရဖူးတာပါ။

ဒါပေမဲ့ ကျွန်မ မမှုပါဘူး။ ဘာလို့လဲဆိုတော့ "ဘီလူးချောင်းရေ တစ်ခါ သောက်ဖူးရင် ငွေတောင်ပြည်ကို ပြန်လာရတယ်လို့" ဆိုစမှတ်ပြုကြတယ်မို့လား။ တကယ်လည်း ဟုတ်ပါရဲ့။ ကလေးပျော် ကျောင်းကလေးမှာ အလုပ်ဝင်ပြီးတော့ သုံးနှစ်အကြာမှာ ကျွန်မ ငွေတောင်ပြည်ဆီ ပြန်ရောက်သွားခဲ့တယ်။

သည်တစ်ခါတော့ လွိုင်ကော်မြို့ပေါ် မဟုတ်ဘဲ ရွာကလေးတွေဆီ ရောက်ခဲ့ရတာပါ။ ကျွန်မတို့ ရွာကလေးတွေအနှံ့ ကွင်းဆင်းလေ့လာကြရင်း၊ တစ်ရက်တော့ မိုးတွေ သည်းသည်းထန်ထန်ရွာတာမို့ မထင်မှတ်ဘဲ ကယန်းရွာကလေး တစ်ရွာဆီ ရောက်သွားခဲ့ပါတယ်။ မိုးခိုရင်း ခဏတဖြုတ် ဝင်နားဖြစ်ကြတာပေါ့ လေ။ ကွင်းဆင်းရမယ့် ရွာထဲမှာ အဲ့ရွာလေးတော့ မပါခဲ့ပါဘူး။

မိုးသည်းသည်းအောက်က ကယန်းရွာကလေး။ ပြောင်းခင်းအစပ်က ဘုရားကျောင်းကလေး။ ကျွန်မတို့ကို ခေတ္တခဏ နားခိုခွင့်ပြုခဲ့တဲ့ ဘုရားကျောင်းလေး က စစ္စတာနဲ့ သူ့ရင်ထဲက စကားသံတချို့။ နောက် ပါးအို့ရဲရဲနဲ့ ကလေးလေးတွေ။ ချစ်စရာကောင်းပြီး ထူးဆန်းအံ့သြဖွယ်ရာ ရိုးရာဓလေ့တွေ၊ ဒါတွေဟာ ကျွန်မ နှလုံးသားထဲ တဝဲလည်လည်နဲ့ နေရာယူခဲ့ပြန်ပါတယ်။

သည်အခါ ကျွန်မရဲ့ နေ့စဉ်ဒိုင်ယာရီမှာ ငွေတောင်ပြည်ဟာ ဒုတိယ အကြိမ် ရောက်လာခဲ့ပြန်တယ်။ သည်လိုနဲ့ပဲ ကျွန်မ ကယားပြည်နဲ့ ပတ်သက်ပြီး စာအုပ်လေးတစ်အုပ် ရေးချင်လာခဲ့ပါတယ်။ အထူးသဖြင့် ကယန်းကလေးတစ် ယောက်ကို ဇာတ်ကောင်ထားပြီး ရေးချင်တာပေါ့လေ။

သည်တော့ ကျွန်မ လွိုင်ကော်ကအမျိုးတွေဆီ အပူကပ်တော့တာပါပဲ။ တူမဝမ်းကွဲလေး မေမိုးရဲ့ မိတ်ဆက်ပေးမှုကြောင့် ကျွန်မ မထင်မှတ်ဘဲ ဖယ်ခုံက ကယန်းတိုင်းရင်းသူ ညီမလေး သန္တာစိုးနဲ့ ခင်မင်ခွင့်ရခဲ့ပါတယ်။ သည့်အတွက် တူမလေးကိုလည်း ကျေးဇူးတင်ရပါတယ်။

ကျွန်မ ကံကောင်းလွန်းတာက အဲသည်ညီမလေးက ကယန်း-ဗမာ ကပြား မလေးဖြစ်နေတာကြောင့် ကျွန်မ သိလိုရာ အကုန်မေးလို့ရခဲ့ပါတယ်။ သူ မသိတဲ့ ဟာဆိုရင် အစ်ကိုတွေမေး၊ အဖေ၊ အမေတွေမေး၊ အဘိုးအဘွားတွေ တဆင့်မေးနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံးမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ကယန်းရိုးရာ၊ ကယန်းဓလေ့ စာအုပ်လေးပါ လက်ဆောင်ရခဲ့ခြင်းပါပဲ။

(အဲသည်စာအုပ်လေးဟာ ကယန်းရိုးရာ ဓလေ့အကြောင်း တော်တော် စေ့စေ့ငုငုပါတဲ့အပြင် ဘယ်မှာမှ မေးလို့ ဝယ်လို့မရတဲ့ ရှားပါး စာအုပ်လေးပါ။)

အခက်အခဲ၊ အကြပ်အတည်းပေါင်းများစွာ ကြားကနေ ရောက်လာခဲ့ရတဲ့ စာအုပ်လေးဆိုလည်း မမှားပါဘူး။ ဒါကြောင့် ညီမလေး သန္တာစိုးကိုလည်း သာ၍ အတိုင်းမသိအောင် ကျေးဇူးတင်ရပါတယ်။

ဆယ့်ရှစ်နှစ်ကြာမှ တစ်ခါသာပွင့်တဲ့ ဒဏ္ဍာရီဆန်ဆန်ပန်းကလေး၊ ကယန်းလို "စောက်ဖောက်" လို့ခေါ်တဲ့ ပန်းကလေးအကြောင်း ပြောပြပေးတဲ့ ညီမလေး သန္တာစိုးရဲ့ လအိက ကယန်းအဘွားကိုလည်း ကျေးဇူးတင်လှပါတယ်။ ဗမာစကား မပြောတတ်တဲ့ အဘွားကို ကယန်းလိုရအောင် မေးပေးခဲ့တာကိုလည်း ကျေးဇူးတင်မဆုံးပါဘူး။

(သည်ပန်းကလေးက စာအုပ်ထဲမှာသာရှိပြီး အပြင်မှာ တော်တော်များများ မသိကြတော့တဲ့ ရှားပါးပန်းကလေးမို့ပါ။)

ကျွန်မ သည်စာအုပ်လေးကို ရေးဖြစ်တာဟာ ကယားကိုချစ်စိတ်၊ လွမ်းစိတ်နဲ့ပဲ ဘဝရဲ့အမှတ်တရတချို့ကို မှတ်တမ်း ချန်ထားချင်ရုံပါ။ သည်ထဲက ဇာတ်ကောင် အခူးနဲ့ ကယန်းရွာကလေးဟာလည်း ကျွန်မစိတ်ကူးထဲက ပုံရိပ် မျှသာပါပဲ။ ဒါကြောင့် တစ်စုံတစ်ရာ မှားယွင်းတင်ပြမိသည်ရှိသော် ကျွန်မ၏ ညံ့ဖျင်းမှုသာဖြစ်ပါကြောင်း။

*ချစ်ခင်စွာဖြင့်. . .*

ပျိုး

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၁)

မနက်ဖြန်ဆိုလျှင် ယွန်းတစ်ယောက် ကယားပြည်နယ်၏ မြို့တော်၊ လွိုင်ကော်မြို့ကလေးဆီသို့ စာသွားသင်ရတော့မည် ဖြစ်သည်။ မနက်အစော ခရီးထွက်ရမည်မို့ ထည့်စရာရှိသည်များကို စောလျင်စွာ ထည့်ထားရ၏။ ထည့်စရာရှိသည်များကို စောလျင်စွာ ထည့်ထားနိုင်သော်လည်း ယွန်းမျက်ဝန်းများကိုတော့ စောလျင်စွာ အိပ်စက်အနားယူနိုင်စေဖို့ရာ စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။

ယွန်း၏ အကျင့်ကိုက နောက်တစ်နေ့မှာ တစ်ခုခု လုပ်စရာရှိသည်ရယ်လို့ အတွေးရောက်လိုက်သည်နှင့် စောစောအိပ်၍ မရတတ်တော့တာမျိုး။ ဘယ်အချိန်ထရမယ်ရယ်လို့ ဦးနှောက်က အသိပေးလိုက်သည်နှင့် ထိုအချိန်ကိုတော့ နှိုးစက်ပေးစရာမလိုဘဲ အလိုလို နိုးထတတ်လေ၏။

လွိုင်ကော်မြို့ကလေးတွင် အဆောင်ဖွင့်ထားသည် အစ်မဝမ်းကွဲတော်စပ်သူ မမနွေ၏ တောင်းဆိုမှုကြောင့်၊ မနက်ဖြန်၊ သန်ဘက်ခါဆိုသည်နှင့် ယွန်းတစ်ခါမျှ မရောက်ဖူးသေးသည့် တောင်ပေါ်မြို့ကလေးဆီသို့ ရောက်ဖူးတော့မည် ဖြစ်သည်။ ပင်ပန်းဆင်းရဲလွန်းသည့် ဖေဖေနှင့် မေမေ၊ အထူးသဖြင့် တစ်နေ့ဝင်၊ တစ်နေထွက် ကုန်စိမ်းလည်ရောင်းရရှာသည့် မေမေ့ကို သနားငဲ့ညှာလွန်းရသည်မို့ ယွန်းလည်း သည်အလုပ်ကလေးကို လိုလိုချင်ချင် လက်ခံခဲ့ခြင်း ဖြစ်သည်။

ကိုယ့်ရပ်ကိုယ့်ရွာမှာနေလည်း စားဖို့သောက်ဖို့ မပူရ၊ သင့်တင့်မျှတသော

mgyoe.com

mgyoe.com SAMPLE BOOK


ဝင်ငွေကလေးလည်းရှိပေမဲ့လို့၊ ဝင်ငွေက လုံးခနဲ၊ ခဲခနဲ ရသည်မဟုတ်။ မှူးစု၊ မတ်စုကလေး စုဆောင်းနေရသည်။ အဲသလိုကလေး စုနေရင်းကကို အဲသည် စုငွေကလေးဟာ အကောင်အထည်မပေါ်ခင်မှာပင် လိုသည့်အခါ ပြန်နှိုက်သုံးရင်း၊ လုံးပါး ပါးခဲ့ရသည်ချည်း။ ဖေဖေနှင့် မေမေ၊ အထူးသဖြင့် ဖေဖေတစ်ယောက်ဟာ တော့ မမနွေ၏ တောင်းဆိုမှုကြောင့်သာမဟုတ်လျှင် ယွန်းကို တစ်နယ်တစ်ကျေး သို့ သွားစေလိုသည့် ဆန္ဒရှိဟန် မတူပေ။ ဖေဖေ့မျက်လုံးထဲတွင် ယွန်းသည် ဘာမျှ မသိသေးသည့် ပီဘိကလေးငယ်တစ်ယောက်ရယ်လို့သာ ထင်မှတ်ပုံရှိ၏။

မေမေ့လို အချိန်ရှိသ၍တဖွဖွ မှာကြားနေခြင်းမျိုး မရှိသော်လည်း၊ ယွန်း နေထိုင်ရာ သက်တမ်းတလျှောက် သူ့မျက်စိကွယ်ရာတွင် အန္တရာယ်ကင်းကင်း ရှိစေဖို့ရာအတွက် ချည်မန်းကွင်းကလေးတွေ၊ အဆောင်လက်ဖွဲ့ကလေးတွေ တကုပ်ကုပ်နှင့် လုပ်ပေးရှာသည်။ ဗေဒင်ဝါသနာလည်း အထိုက်အလျောက် လေ့လာလိုက်စားနေသူမို့ ယတြာလည်း မလွတ်စေရ။ အရင်က မေမေနှင့်အတူ ဈေးရောင်းလိုက်သော်လည်း၊ လေဖြန်းပြီးသည့်နောက်ပိုင်းတွင်မတော့ အိမ်မှာပင် အိမ်ဆိုင်ကလေးဖွင့်ပြီး ဈေးရောင်းကူရှာသည်။

မြို့စွန်ရပ်ကွက်က အိမ်ဆိုင်ကလေးမို့ အိမ်ဆိုင်ဆိုသည်မှာလား မည်ကာ မတ္တသာရှိ၍ ခနော်နီခနော်နဲ့ နိုင်လှ၏။ မုန့်လည်း အစုံအလင် ထည့်နိုင်သည် မဟုတ်။ မေမေ့ ရောင်းကျန်ကလေးတချို့နှင့် ကုန်ခြောက်ကလေးနည်းနည်းမျှ ရောင်းခြင်းသာ။

မေမေ ဈေးရောင်းထွက်သည့်အခါ ဖေဖေက အိမ်မှာရှိတာလေးတွေ ရောင်းနှင့်သည်။ ဖက်ကြမ်းကလေး၊ ကွမ်းယာကလေးပါ တွဲရောင်းသေးသည်မို့ မိသားစုတတွေ တစ်ဝမ်းတစ်ခါးအတွက်တော့ မပူပန်ရပေ။ အရင်ကတော့ ကျောင်း ပိတ်ရက်တွေမှာ ယွန်းလည်း မေမေနှင့်အတူတူ ဈေးလိုက်ရောင်းဖူးသည်။ တဖြည်း ဖြည်း ယွန်းအရွယ်ရလာသည့်အခါမှာတော့ ဖေဖေက ယွန်း ဈေးရောင်းထွက်ရ သည်ကို စိတ်မချလက်မချ ဖြစ်လာပုံရ၏။

ယွန်းနှင့် မေမေ အိမ်ပြန်မရောက်မခြင်း၊ လည်ပင်းကလေးတလိမ်လိမ် နှင့် တမျှော်မျှော်ဖြစ်တတ်ရှာ၏။ ယွန်းဘွဲ့ရပြီးသည့်နောက်ပိုင်းတွင်မတော့ ဖေဖေ က ယွန်း ဈေးရောင်းထွက်သည်ကို မနှစ်မြို့ကြောင်း သိသိသာသာ ပြလာခဲ့၏။ ဝမ်းနည်းပြီး၊ မကြာခဏဆိုသလို ငိုတတ်၏။ ဝန်ထမ်းလုပ်မည်ဆိုသော်လည်း ရပ်ဝေးပို့ခံရမည်စိုးသည်ကြောင့် မပေးလုပ်ပြန်။ နောက်ဆုံးတော့ ယွန်းသည်လည်း

mgyoe.com

mgyoe.com SAMPLE BOOK

အိုးမကွာ၊ အိမ်မကွာနှင့် ဝင်ငွေကလေး အနည်းအကျဉ်းရသည့် ထုံတုံတုံ အတတ ကျူရှင်ဆရာမကလေးတစ်ယောက် ဖြစ်လာခဲ့ရတော့သည်ပင်။

ယွန်းအတွက်ရယ်လို့ တသီးတသန့် အဆောင်၊ ယတြာလေးတွေ လုပ်ပေးနေသည့်အခိုက် ဖေဖေ့မျက်နှာကလေးဟာ နေလောင်ပန်းကလေးတစ်ပွင့်လို နွမ်းလျလျက်ရှိ၏။ ဖေဖေ့ရဲ့ ထိုမျက်နှာညှိုးညှိုးကလေးကိုကြည့်ပြီး ယွန်းနှလုံးသားတွေပါ ဝမ်းနည်းနာကျင်လာရသည်။ တဖြည်းဖြည်း ကျန်းမာရေးကောင်းမွန်လာသည်မို့ ဖေဖေ့ကျန်းမာရေးအတွက် စိတ်ပူစရာ သိပ်မရှိလို့သာ တော်သေးသည် ဆိုရမည်။

ဘာပဲဖြစ်ဖြစ် သမီးမိန်းကလေး တစ်ဦးသာပါသော ယွန်းတို့ မိသားစုကလေးမှာ ယွန်းကို ဖေဖေ အချစ်ခင်၊ အတွယ်တာဆုံး၊ စိတ်အပူဆုံး ဖြစ်ခဲ့မည် ထင်သည်။ ဆူဟယ်၊ ငေါက်ဟယ် မရှိလှဘဲ အေးအေးလူလူနေတတ်သည့် ဖေဖေ့ကို မေမေ့ထက် ပိုချစ်ခင်မိတာကိုလည်း ယွန်း ဝန်ခံပါသည်။ သမီးမိန်းကလေးတွေ အတွက်လည်း အဖေဆိုတာ အချစ်ဦးရယ်လို့ ဆိုစမှတ်ပြုကြတယ်မို့လား။

ယခုမှ နိုင်ငံဘာလသာ ရှိသေးသည်မို့၊ တကယ့်တကယ် မမန္တေဆီမှာ နေရမည့်ရက်ဟာ ဘယ်လောက်မျှရှိသည် မဟုတ်။ လွန်ရော၊ ကျွံရောမှ လေး,ငါး လသာရှိမည်ပေါ့။ သို့သော် ဖေဖေ၊ မေမေတို့ ထည့်ပေးလိုက်သည့်ပစ္စည်းတွေနှင့် ယွန်း ကိုယ့်ဘာသာ လိုရမယ်ရရယ်ထင်လို့ ထည့်ထားသည့် ပစ္စည်းပစ္စယတွေကို ကြည့်လိုက်သည့်အခါတွင်မတော့ ကြင်စဦးမောင်နှံ၏ မင်္ဂလာလက်ဖွဲ့ထက်ပင် များနေပုံပေါက်သည်ကြောင့် ဝမ်းနည်းနေသည့်ကြားမှပင် ခစ်ခနဲ ရယ်မိသွားသေးသည်။

ယွန်းတို့မိသားစုတွင် မောင်နှမသုံးယောက် ရှိသည်။ ယွန်း၏ အထက်တွင် ကိုကိုမိုးရှိပြီး၊ ယွန်း၏ အောက်တွင်မှု မောင်ငယ်ဖြိုးလေး ရှိ၏။ ယွန်း၏ နာမည် အပြည့်အစုံမှာ ယမင်းယွန်းဟေသာဖြစ်ပြီး၊ ကိုကိုတိုး၏ နာမည်အပြည့်အစုံမှာ မိုးဝေတိုး ဖြစ်၏။ မောင်အငယ်ဆုံးဖြစ်သည့် ဖြိုးလေး၏နာမည်မှာမူ ဖြိုးဝေစိုး ဖြစ်သည်။

ကိုကိုတိုးသည် လူချောတစ်ယောက် ဖြစ်သည်။ လူကြည့်လိုက်လျှင် ဖြူဖြူနွဲ့နွဲ့ဖြစ်သော်လည်း၊ စိတ်ဓာတ်မှာမူ မာဆတ်လွန်းသူ၊ မဟုတ်မခံ ဂျွတ်ဆတ်ဆတ်သမားဖြစ်၏။ ရည်းစားသနာ အင်မတန်များပြီး၊ အမြဲတစေလိုလို သူကသာ လမ်းစ ခွဲတတ်သူမို့ ယွန်းမျက်စိထဲတွင်မတော့ မြင်ပြင်းကပ်စရာ ကောင်းလှောက်

mgyoe.com

mgyoe.com SAMPLE BOOK

အောင် ချေမိုးလွန်းတတ်သူတစ်ယောက် ဖြစ်သည်။

ဆယ်တန်း တဖုန်းဖုန်းကျလျက်ရှိပြီး ယွန်းဘွဲ့ရပြီးသည်အထိ သူမယ် မအောင်နိုင်သေး။ ကားဝပ်ရှော့ခ်တစ်ခုတွင် အလုပ်ဝင်လျက် ဆယ်တန်းကို ဇွဲနဘဲကြီးစွာ ဆက်ဖြေနေခဲ့သူ ဖြစ်သည်။ သည်တစ်ခုတော့ ချီးကျူးမိရသား။ သူ့ဆရာမတွေ သူ့ကိုခေါ်သည့်နာမည်ကိုက ခုနစ်နှစ်မောင်တိုး ဆိုလား။ သူတို့ကျူရှင်မှာ မောင်တိုး ဘယ်နှယောက်တောင်ရှိသည်တော့ မသိ။

သည်လိုနှင့် တရွတ်သီတိုး နေလာခဲ့ရင်း မနှစ်ဆီကတော့ လှိုင်ကော်က မမနွေဆီ ပို့လိုက်ပါမှ ဆယ်တန်းဟူသည့် တောင်မြင့်ကြီးကို လွတ်လွတ်ကျွတ်ကျွတ် ကျော်ဖြတ်နိုင်ခဲ့သူ ဖြစ်၏။

စည်းကမ်းတင်းကျပ်လှသော မမနွေ၏ လက်အောက်မှာ ကိုကိုတိုးတစ်ယောက် မလူးသာ၊ မလွန့်သာ နေခဲ့ရသည်ဆို၏။ ဖေဖေတစ်ယောက်ဟာတော့ သည်တစ်ချက်တည်းနှင့်တင် တူမဖြစ်သူ မမနွေအကြောင်း ချီးမွမ်းခန်းဖွင့်၍ မဆုံးနိုင်တော့။ မောင်လေးဖြိုးဟာတော့ ခုမှ ငါးတန်းသာရှိသေးသည်မို့ တော်သေးသည်ဆိုရမည်။ နို့မဟုတ်လျှင်လည်း ဖေဖေနှင့် မေမေခမျာ နဂိုရ်က ချိနေသည့် ခါးကလေးတွေ ကျိုးဖို့ရာသာ ရှိတော့၏။

ကိုကိုတိုး နေခဲ့စဉ်မှာ အဆောင်ကလေးဟာ အဆောင်ရယ်လို့ ပီပီသသ မရှိခဲ့သေး။ သည်တစ်နှစ်တော့ အလယ်တန်း၊ အထက်တန်း စသဖြင့် အတန်းစုံလင်လှသည့် အဆောင်ကလေးတစ်ခုအဖြစ် အောင်အောင်မြင်မြင် ဖွင့်လှစ်ထားနိုင်ပြီဖြစ်သောကြောင့်လည်း မမနွေက ယွန်းကို သူ့အဆောင်ကလေးဆီ စေလွှတ်ပေးဖို့ရာ တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ယွန်းအနေနှင့်ကျတော့လည်း ကိုယ့်အိမ်ကလေးမှာကို ကျူရှင်သဘောမျိုး စာသင်ပေးနေသူဆိုသော်ငြား၊ ဘဝမယ် တစ်ခါဆိုတစ်ခါသော်မျှ မရောက်ဖူးသေးသည့် မိုင်ရာချီအရပ်က မြို့ငယ်ကလေးဆီသွားပြီး စာသင်ရမည်ဆိုသည့်အခါဖြင့် စိတ်လှုပ်ရှားမိရသည်ကတော့ အမှန်ပင်။ ယွန်းအသက်ဟာ နှစ်ဆယ့်ငါးမို့ ငယ်တော့သည်တော့ မဟုတ်။ သို့သော်ငြားလည်း ယခုအချိန်ထိ ကိုယ့်ကိုယ်ကိုယ် ရင့်ကျက်လှပြီရယ်လို့ ထင်ခဲ့မိသမျှဟာ တကယ်တကယ်စင်အောင် လွဲနေမှန်းသိခဲ့ရ၏။

ယွန်းသည် ပထမဦးစွာ ဖေဖေ၊ မေမေတို့ရဲ့ အဝေးမှာနေရတော့မည်ကို ကြိုတင်တွေးတောပြီး စိတ်ပူ၏။ ဒုတိယတစ်ချက်၊ ယွန်း စာသင်ပေးရမည့် အရွယ်စုံကလေးတွေဟာ ယွန်းရဲ့အာဘော်ကို နှစ်သက်ကြပါ့မလား၊ ယွန်းကို နှစ်နှစ်လိုလိုမှ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိပါ့မလားရယ်ဟု စိတ်ပူပန်၏။ နောက်ဆုံးတစ်ချက်ကတော့ စည်းကမ်းတင်းကျပ်လှသည်ဟူသော မမနွေ၏ လက်အောက်မှာ ယွန်း နေနိုင်ပါ့မလားရယ်ဟုပင်။

ဟိုသည်ဒီလိမ့်နှင့် အိပ်မပျော်နိုင်သည့်အဆုံးမှာတော့ ငွတ်ကြိတ်မှိတ်ပြီး အိပ်ရန် မကြိုးစားမိတော့ဘဲ၊ နံရံတွင် ချိတ်ဆွဲထားသော မြန်မာနိုင်ငံမြေပုံကလေးအား ဖြုတ်ယူလိုက်ပြီး၊ လက်ညှိုးကလေးထောက်လျက် ကယားပြည်နယ်ကလေးအား လိုက်ရှာမိ၏။ ပြီးသည်နှင့် အဆောင်ငယ်ကလေးရှိရာ လွိုင်ကော်မြို့ကလေးဆီသို့ ဆက်လက်၍ လိုက်ရှာမိသည်။

ဟော၊ တွေ့ပါပြီ။ ချဉ်ပေါင်ရွက်ပုံသဏ္ဍာန် ချစ်စရာ့ပြည်နယ်ကလေး။ မြေပုံကလေးကို ကြည့်ရင်း နာမည်ခပ်ဆန်းဆန်းလေးတွေကို ခပ်တိုးတိုး ရေရွတ်ကြည့်မိ၏။ ကိုကိုတိုး ပြောပြောနေတတ်သည့် နာမည်ကလေးတွေပါ ရေရွတ်ကြည့်မိသည်။ ဒေါဥခူတဲ့၊ ဒေါနိုကူးတဲ့၊ ဘော်လခဲတဲ့၊ ဖရူဆို၊ ဒီမောဆိုတဲ့။ ဘယ်လောက်တောင် ချစ်ဖို့ကောင်းလိုက်တဲ့ နာမည်လေးတွေပါလိမ့်။ ကိုကိုတိုး မကြာခဏ ပြောတတ်သည်ကြောင့် သွားလည်ချင်သည့်နေရာလေးတွေကို မှတ်ရသည်မှာလည်း လက်ဆယ်ချောင်းမကတော့။

လပြည့်၊ လကွယ်ရက်တွေမှာ ထီးကလေးတွေ ပိုပွင့်တတ်သည်ဟူသော ထီးပွင့်ကန်ဟူသော နေရာကလေးဆီသို့လည်း ရောက်ဖူးချင်လှသည်။ ဘာတွေ၊ ညာတွေဆိုတာထက် ရွှံ့နုန်းမြေ၊ တနည်း မြေသားမှာပွင့်သည့် သဘာဝမြေပွင့်ထီးကလေးတွေကို ချစ်စိတ်တစ်ခုတည်းဖြင့် မြင်လိုလှခြင်းသာဖြစ်သည်။ နောက်ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်တို့ဖြင့် ဝန်းရံထားသော လှပလွန်းလှသည့် ငွေတောင်ဆည်ဆီသို့လည်း သွားရောက်လည်ပတ်ချင်သည်။

ရာဇဝင်များနှင့် တောင်ကွဲစေတီကိုလည်း သွားရောက်ဖူးမြော်ချင်သေးသည်။ ဒဏ္ဍာရီထဲမှ နတ်သမီး ခုနစ်ဖော် ရေကစားခဲ့သည်ဟူသော ကန်ခုနစ်ဆင့်ကိုတော့ အသွားချင်ဆုံး ဖြစ်သည်။ ဓာတ်ပုံထဲမှာကိုပင် အတော်လှသည့် နေရာကလေး။ စာဖွဲ့၍ပင် မတတ်အောင် လှပလွန်းသည့်နေရာကလေး။ တောင်တန်းစိမ်းစိမ်းတွေ နောက်ခံနှင့် ကြည်လင်အေးမြနေသည့် ရေကန်ကလေးဟာ မြင်လိုက်ရုံနှင့် ရေကန်ထဲ ဒိုင်ဗင်ထိုးချချင်လောက်အောင် စွဲဆောင် လှပလွန်းသည့်နေရာကလေး ဖြစ်သည်။ ကိုကိုတိုးဓာတ်ပုံထဲတွင် Kayah Lavender ဟုခေါ်သည့် လာဗင်ဒါရောင် တောရိုင်းပန်းကလေးတွေပါ ဖူးပွင့်နေသည်မို့ လှလိုက်သည်မှာ စက်စက်ယို ဆိုသလိုပင်။ ပန်းခရမ်းရောင်လွှင်ပြင်ကြီးထဲ ပြေးလွှားပြီးတော့သာ

mgyoe.com

ဆော့ကစားချင်လိုက်တော့သည်။

နောက်တော့၊ ကိုကိုတိုး ပြောပြောနေသည့် လှပခမ်းနားလွန်းလှသော ရင်သပ်ရှုမောဖွယ်ရာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးတွေကိုလည်း မြင်ဖူးချင်လှသည်။ ကိုကိုတိုး၏ ဓာတ်ပုံထဲမှာ မြင်ရရုံနှင့်တင် သဘောအကျကြီး ကျနေခဲ့ရတာမို့လား။ တွေးရင်းတောရင်း၊ ငေးရင်းမောရင်းဖြင့် ယွန်းနှလုံးသားလေးဟာ တဒိတ်ဒိတ် မြည်လာသည်အထိ ရင်ခုန်သံတွေ မြန်လာခဲ့သည်။ လှပတဲ့ ရေစက်ကလေးတစ်ခုခုများ သည်မြို့ကလေးကနေ စောင့်ကြိုနေလေမလား မသိ။ ယွန်း၏ ဆဋ္ဌမအာရုံတွင် အလိုလို ခံစားနေခဲ့မိ၏။ ဘယ်လို ခံစားချက်ကလေးလည်း ဆိုတော့ ငြိမ့်ငြိမ့်ကလေးနှင့် လွမ်းဆွတ်ဖွယ်ရာ ခံစားချက်ကလေး။

မြေပုံကလေးကို ပိုက်လျက်သားနှင့်ပင် ယွန်းတစ်ယောက် နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့သည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၂)

ယွန်းနှင့်အတူ ကိုကိုတိုးပါ လိုက်ပါပေးခဲ့လို့သာ တော်သေးသည် ဆိုရမည်။ ယွန်းတစ်ယောက်တည်းသာဆိုလျှင် သွားရဲပါ့မလားရယ်ဟု ကိုယ့်ဘာသာမေးခွန်းထုတ်မိတော့ အတွေးထဲမှာတင် အားငယ်လိုက်သည်မှာ မပြောနှင့်။ ယွန်းဟာ ကလေးတွေကို စာသင်သည့် ကျူရှင်ဆရာမတစ်ယောက် ဖြစ်သော်ငြားလူတောတိုးသည် မဟုတ်။ အသားကလေးဖြူဖြူ အရပ်မနိမ့်၊ ယဉ်စစနှင့်မို့ ကိုယ့်ကိုယ်ကိုယ်တော့ ချစ်စရာကောင်းသူကလေးဟုတော့ ယူဆထားပါသည်။

ယွန်းဟာ ကိုယ်နှင့်မသိသည့် ဧည့်သည်တစ်ဦးဦး အိမ်လာလျှင်ပင်၊ ထွက်မတွေ့ရဲဘဲ အိမ်တွင်းအောင်းနေတတ်သည့်သူမျိုး ဖြစ်သည်။ အိမ်မှာ ယွန်းတစ်ယောက်တည်းသာ ရှိသည့် (ဒါကလည်း ကြုံတောင့်ကြုံခဲ၊ ဆယ်ခါ့တစ်ခါရယ်ပါ) အချိန်မျိုးနှင့် တိုးလျှင်တော့ မတတ်သာစွာ အကျိုးအကြောင်း ထွက်ပြောရတာမျိုး တော့ရှိသည်။ ဧည့်သည်ကများ ဖေဖေ့ကို စောင့်မည်၊ မေမေ့ကိုစောင့်မည် စသည်ဖြင့် ဆိုလာခဲ့လျှင် "ဘယ်တော့ပြန်လာမယ်မှန်း မသိလို့၊ စောင့်လို့ မဖြစ်ပါဘူးရှင်" ရယ်လို့ ခါးခါးသီးသီး ငြင်းထုတ်တတ်သည်မှာလည်း ယမင်းယွန်းဟေသာပင် ဖြစ်တော့သည်။

ဒါတောင် ဧည့်သည်က မိန်းမသားဆိုလျှင် တော်သေးသည်။ ယောကျ်ားသားဆိုလို့ကတော့ တံခါးဖွင့်ပေးဖို့ နေနေသာသာ၊ အိမ်ဝန်းထဲကနေ "မသိပါဘူး၊

mgyoe.com

mgyoe.com

မရှိပါဘူး” တွေ့ တွင်တွင်အော်လျက် အော်ရင်းတန်းလန်းကပင် အိမ်ထဲ ဝင်ပြေးတတ်သူဖြစ်၏။ ဒါကြောင့်၊ တချို့ကတော့ ယွန်းအား “ဆရာမ လုပ်ပြီး၊ လူမှုရေး မသိတတ်သူရယ်” လို့ ကွယ်ရာမှာ အတင်းစကား ဆိုတတ်ကြ၏။ ကိုယ့်အကျင့်နှင့် ကိုယ်မို့ ယွန်းလည်း အထူးတလည် ပြန်ပြီး ချေပမနေတော့ပေ။

ယွန်းတို့အိမ်ကလေးက တစ်ထပ်တိုက်ကိုမှ ထရံတစ်ဝက်၊ ပြူးအုတ်တစ်ဝက် ရောဆောက်ထားသည့် ငါးပင်အိမ်ကလေး ဖြစ်သည်။ အဆင်ပြေစဉ်ကာလက ဖေဖေကိုယ်တိုင်ဆောက်ခဲ့သည့် အိမ်ကလေးဖြစ်သည်။ ခုတော့ မပြုမပြင်သည်မှာ ကြာပြီမို့ ပေါက်သည့်ထရံက ပေါက်လျက်၊ ပဲ့သည့် အုတ်က ပဲ့နေလေပြီ။ ပေ ငါးဆယ်၊ ခြောက်ဆယ် အကျယ်ရှိသည့် ခြံဝန်းကလေးထဲတွင် ငါးပင်အိမ်ကလေးကို နောက်တိုးလျက် ဆောက်ထားခြင်း ဖြစ်၏။ အိမ်ရှေ့တွင် ပန်းခြံကလေး ရှိသည်။ ပန်းခြံကလေးမှ လွဲလျှင် ကျန်သည့်မြေနေရာမှန်သမျှအား ပြူးကြမ်းကလေး ခင်းထားခြင်း ဖြစ်သည်။ မကြီးကျယ်၊ မခမ်းနားသော်လည်း နေချင့်စဖွယ် အိမ်ကလေး တစ်လုံးတော့ ဖြစ်ခဲ့ပါသည်။

ပန်းခြံကလေး၏ ညာဘက်ခြမ်းတွင်မူ တွဲလီတွဲလောင်း အထုပ်ကလေးများ နေရာအနှံ့ ယူထားသည့် ဖေဖေ့အိမ်ဆိုင်သေးသေးကလေး ရှိသည်။ ပန်းခြံကလေး တွင် စံပယ်၊ နှင်းဆီ၊ ရွက်လှ၊ ကျောက်နှင်းဆီ၊ ကစ်စ်မီကွတ်ခ် အစရှိသော ပန်း လှလှကလေးများ ရှိသကဲ့သို့၊ ငရုတ်၊ ချဉ်ပေါင်၊ ပင်စိမ်းကဲ့သို့သော သီးပင်၊ စားပင် ကလေးများလည်း ရှိ၏။

ခြံဝန်းပတ်ပတ်လည်တွင်မူ ဇလပ်၊ ဇီဇဝါ၊ ချယ်ရီ မက်မွန်၊ မြန်မာပိတောက် အပြင် ဂျပန်ပိတောက်၊ စိန်ပန်းနှင့် နွားနို့သီးပင်ကလေးတွေလည်း ရှိသည်မို့ ရာသီ ချိန်ရောက်လျှင် မေမေ့ခြံဝန်းကလေးဟာ ပန်းပေါင်းစုံဖြင့် လှပမွှေးကြိုင်နေတတ် ၏။ တွေးရင်းတောရင်း အအေးဓာတ်ပိုကဲလာသည်ဟု ခံစားမိသည်။

အေးအေးမြမြ ရှိလှသည့် နိုဝင်ဘာနံနက်ခင်းမှာမို့ ခိုက်ခိုက်တုန်အောင် ချမ်းလှသည်။ လည်ပင်းထိပါသော သိုးမွှေးလည်ရှည်နက်ပြာတစ်ထပ်၊ ထိုအပေါ် တွင်ထပ်၍ ဂျင်းဂျက်ကတ်တစ်ထည်ပါ ကောက်စွပ်လိုက်သည်။ ဒါသည်လည်း အေးတုန်း။ အောက်မှာလည်း ဂျင်းဘောင်းဘီအကြပ်၊ ခြေအိတ်နှင့် ရှူးဖိနပ်အဖြူကို စီးထားရသည်။ ဆောင်းလေအေးဟာ ဂျင်းသားကိုပင် ကျော်ဖြတ်နိုင်သည်မို့ ခြေ ချောင်းတွေလည်း အေးစက်တောင့်တင်းလျက် ရှိ၏။

အဝတ်ပါသည့်နေရာတောင် သည်လောက်အေးလျှင်၊ အဝတ်အထည်နှင့်

mgyoe.com

mgyoe.com

ကင်းလွတ်သည့် နားရွက်ဖျား၊ မျက်နှာနှင့် လက်ဆစ်ကလေးတွေဟာတော့ ဆိုဖွယ်ရာမရှိတော့။ လက်အိတ်ပါလျှင် မနေတတ်သူမို့ လက်အိတ်တော့ မစွပ်ဖြစ်။ ယွန်းတစ်ယောက်၊ မတတ်သာသည့်အဆုံး လက်ကလေးနှစ်ဖက်အား အာငွေ့ပေးလျက်၊ နွေးလိုနွေးငြား ပွတ်တိုက်နေမိသည်။ ပါးစပ်မှလည်း အငြိမ်မနေနိုင်စွာ တရှုံးရှုံး ဖြစ်နေတော့သည်။

ချမ်းလွန်း၍၊ ခါးပင် မတ်မတ်မဆန့်နိုင်ဘဲ၊ ခပ်ကုန်းကုန်း ဖြစ်နေရ၏။ မေမေက သူမကိုယ်တိုင်ထိုးထားသည့် မသေမသပ် အဖြူအမည်း သိုးမွှေးဦးထုပ်ကလေးအား ယွန်းခေါင်းပေါ်တွင် တယုတယ လာစွပ်ပေးရင်း၊ ယွန်းပါးကလေးပေါ် နှုတ်ဆက်အနမ်းခြွေလေတော့ ငိုချင်လိုက်သည်မှာ မပြောနှင့်။ မေမေ့ပါးကလေးပေါ် အနမ်းပွင့်ကလေးပြန်ခြွေစဉ်၊ ပြန်ရလိုက်သည့် ကရမက်နံ့လေးက မခွဲခွာချင်သူကို အလွမ်းဆင့်စေပြန်၏။ သည်အခါတော့ ဖြေဖျားလက်ဖျားတွေထက်၊ နှလုံးသားက ပို၍ ထုံကျင်အေးစက်လာသယောင်။

ခရီးဆောင်သေတ္တာတစ်လုံးနှင့် အဝတ်အိတ်အကြီးကြီးက သုံးအိတ်။ ပလတ်စတစ် ဆွဲခြင်းတောင်းက တစ်လုံး။ ဆွဲခြင်းတောင်းထဲတွင် သနပ်ခါးကျောက်ပြင်၊ သနပ်ခါးနှင့် မေမေ့အလွမ်းပြေ ကရမက်တုံးတွေပါ ကောက်ထည့်ထားသည်မို့ ကိုကိုတိုးတစ်ယောက်၊ တဖျစ်တောက်တောက်နှင့် မြည်တွန်တောက်တီး၍ မဆုံးနိုင်တော့။

"မိယွန်းရယ်၊ သနပ်ခါးတို့ ကျောက်ပြင်တို့ဆိုတာ ဟိုမှာ အလျှံပယ်ပါဟ၊ မမနွေက သမီးတွေချည်း သုံးယောက်တောင် မွေးထားတာ၊ နေရာတကာတိုင်းသာ ဒါကြီးတွေ သယ်သွားရရင်တော့ နင်မချောင်ဘူးနော့၊ မမနွေပါးစပ်နဲ့တော့ တွေ့တော့မှာ နင်"

ယွန်းတစ်ယောက် ကိုကိုတိုးကို ပြန်မပြောရဲသည်မို့ လျှာကလေးတစ်လစ် ထုတ်လျက်သာ ရုပ်ပြောင်ကလေး လုပ်ပြလိုက်၏။ ယွန်း ကိုကိုတိုးကို ခွန်းတုံ့မပြန်ရဲပါ။ တော်ကြာနေ၊ ပြန်ပြောကာမှ စိတ်ပေါက်ပြီး လိုက်မပို့ချင်တော့ပါဘူးဆိုလျှင် ခက် ခက်ရချည့်။ နဂိုကမှ ကိုကိုတိုးစိတ်က မျောက်စိတ်ရယ်။ ကိုကိုတိုးမှ မပို့လျှင်လည်း ယွန်း ဒီတစ်သက်လည်း ကိုယ့်မြို့ကိုယ့်ရွာကလေးကနေ ဘယ်မှရောက်မည်မထင်။ ဘာဒေသန္တရ ဗဟုသုတမှမရဘဲ သည်လိုနှင့်သာ လူတောမတိုး၊ ဘာမတိုးနှင့် နုံတုံတုံ ကျူရှင်ဆရာမလေးဘဝဖြင့်သာ ဘဝကြီး ပြီးဆုံးသွားပေလိမ့်မည်။

ဖေဖေက သာဆိုးသေးသည်။ ယွန်းတစ်ယောက်တည်းကိုသာ လွှတ်ပေး

mgyoe.com

SAMPLE BOOK

ရမည်ဆိုလျှင် သိကြားမင်းဆင်းခေါ်တောင် ထည့်မည့်သူ မဟုတ်ပေ။ မလွတ်မည်က ကိုးဆယ့်ကိုးဒသမကိုးကိုး ဆိုတာ ယွန်း တပ်အပ်ပြောရဲသည်။ ကိုကိုတိုး ကိုယ်တိုင်လိုက်ပို့မှာ ဖြစ်သည့်အပြင်၊ မမနွေ၏ စည်းကမ်းတင်းကျပ်မှုတွေကို ယုံကြည်စိတ်ချ၍သာ သည်လောက်ထိ လိုက်လျောခဲ့သူဖြစ်၏။

ကိုကိုတိုးလို အရာရာ မာကျောကြွပ်ဆတ်သည့် လူတစ်ယောက်ကိုပင် အကောင်းဆုံး ထိန်းချုပ်ကွပ်ကဲနိုင်သည်ဆိုလျှင်တော့ မမနွေ၏မာန်နှင့် သွေးသည် လည်း ပေါ့ပေါ့တန်တန်တော့ မဟုတ်တန်ရာ။ အရင်က ရန်ပွဲတွေ တခြိမ့်ခြိမ့် ကျင်းပခဲ့ဖူးသည့် ကိုကိုတိုးဟာ သည်ဘက်နှစ်တွေမှာ ရန်ပွဲမရှိတော့သလောက် မို့လား။ ယွန်းသည် ဟိုဟိုသည်သည် တွေးလျက်ကပင် ဖေဖေနှင့် မေမေ့အား ထိခြင်းငါးပါးဖြင့် ကန်တော့လိုက်သည်။

"ဟဲ့၊ ငါ့သမီး၊ ဘယ်နှကြိမ်တွေ ကန်တော့နေတာလဲ" ဟူသော မေမေ့ဆီက အသံစူးစူးကို ကြားရပါမှ ဆက်တိုက်ကန်တော့နေမိသည်ကို သတိထားမိရပြီး၊ ကပျာကသီ ရပ်လိုက်ရ၏။ မေမေ့မျက်နှာကို ကြည့်လိုက်တော့ ပြုံးတုံ့တုံ့။ ဖေဖေသည်လည်း ထိုနည်းလည်းကောင်းပင်။

ကိုကိုတိုးတစ်ယောက်ကတော့ ပြုံးရုံတင်မကဘဲ၊ တဟားဟား အော်ရယ်နေတော့၏။ သူ့အော်ရယ်သံ တပြုံပြုံကြောင့် ယွန်းပါ ရှက်ရယ် လိုက်ရယ်မိတော့ သည်။ အားပါးတရ ရယ်လိုက်ရတော့ စောစောက ငိုချင်နေခဲ့သည့်စိတ်ကလေးဟာ ပျောက်လုနီးနီး။ ယွန်းဟာ ဘယ်ခါဖြစ်ဖြစ် ကချော်ကချွတ် အမြဲဖြစ်ရသည်ချည်း။

တမင်တကာ လုပ်ယူခြင်း မဟုတ်ပါဘဲလျက် အလိုလို ရယ်စရာဖြစ်နေသည်မှာလည်း ယွန်း၏ ဘဝပေးကုသိုလ်ကံဟုပင် ဆိုရပေမည်။ ယွန်းသည် ဘာအလုပ်မှ မလုပ်လျှင် အေးဆေးငြိမ်သက်လွန်းသူဟု ထင်ရသော်လည်း အလုပ်ကလေးတစ်ခုခု လုပ်လိုက်သည်နှင့် ပျာယီးပျာယာနိုင်သောသူ ဖြစ်သွားတော့၏။

တံမြက်စည်းကိုင်လျှင် တံမြက်စည်း ပြုတ်ကျသည်။ ပန်းကန်သယ်လျှင် ပန်းကန်ကွဲသည်။ ဘုရားပန်းလဲလျှင် ရေတွေလျှံပြီး ဘုရားပန်းတွေဟာလည်း အတိုအရှည် ဘယ်တော့မှ ညီသည်ရယ်လို့ မရှိတတ်။ ထမင်းအိုးတည်လျှင် ချိုးကပ်သည်။ မနပ်သည့်အခါလည်း မနပ်။ အဝတ်လျှော်သည့်အခါ ဆပ်ပြာမစင်။ သည်တော့လည်း ဖေဖေနှင့် မေမေက တော်တန်ရုံဆိုလျှင် ဘာမျှမခိုင်းကြတော့။

ချစ်လွန်း၍တော့ မဟုတ်တန်ရာ။ ယွန်းလုပ်သမျှ ပြဿနာတွေကို လိုက်လံဖြေရှင်းရသည်က ခိုင်းရသည်ထက် ပိုအလုပ်ရှုပ်ခြင်းကြောင့်သာ ဖြစ်ပုံရ၏။ သည်လို

mgyoe.com SAMPLE BOOK

နှင့် ဘာမှမခိုင်းကြတော့ ယွန်းဘက်ကလည်း ဘာမှဖြစ်ဖြစ်မြောက်မြောက် လုပ်တတ်တာ မရှိ။ ဘာမှ မလုပ်တတ်တော့ ဘယ်သူမှ မခိုင်း၊ ဘယ်သူမှ မခိုင်းတော့ ဘယ်နေရာမှ အဖြစ်မရှိ၊ ဘာမှမတတ်။

ဤသို့နှင့်ပင် ယွန်းနှင့် အလုပ်ဟာ မျက်နှာချင်းဆိုင်ရသည်ရယ်လို့ မရှိလှဘဲ မိုးလင်းကနေ မိုးချုပ်၊ မျဉ်းပြိုင်နှစ်ကြောင်းလိုသာ အဆုံးသတ်ခဲ့ရ၏။အားလုံးထဲမှာ ဈေးရောင်းတာအပြင်၊ စာသင်ခြင်း ဟူသည့် အလုပ်ကလေးတစ်ခုကိုဖြင့် ထဲထဲဝင်ဝင် လုပ်နိုင်ခဲ့သည်မို့ တော်သေးသည်ဆိုရမည်။ နေရာသစ်ရောက်လျှင်တော့ အရာရာ ပြောင်းလဲကောင်း ပြောင်းလဲသွားနိုင်သည်ပေ့ါလေ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၃)

ကိုကိုတိုးစကားအရ ယွန်းတို့မြို့ကလေးကနေ လွိုင်ကော်မြို့ကလေးဆီ ရောက်ဖို့ဆိုလျှင် ခါးချိနေအောင် ကားစီးရသည်ဆိုသည်။ ယွန်းတို့မြို့ကလေး သည်လည်း တောင်ပေါ်မြို့ကလေးမို့ အေးမြခြင်း၊ စိမ်းလန်းခြင်းနှင့် သဘာဝဝန်းကျင် တောင်စဉ်တောင်တန်း သွယ်တန်းပုံခြင်းတွေကတော့ အတူတူပင်ဖြစ်မည် ထင် သည်။

ယွန်းသည် တစ်ခါဆိုတစ်ခါသော်မျှ ခရီးဝေးမသွားဖူးသူမို့ အရာရာကို စိတ်ဝင်တစား ငေးမောကြည့်နေမိ၏။ မြို့ကလေးက အထွက်တွင်မှာတော့ နောက်ကျောဘက်တွင် တရိပ်ရိပ် ချန်ရစ်ခဲ့ရသော ဇာတိမြို့ကလေးဆီ ရနိုင်သမျှ သမင်လည်ပြန်ငေးရင်း အလိုလို ငိုချင်လာတော့သည်။

ယွန်း မွေးစမှ ယခု အသက်နှစ်ဆယ်ကျော်သည်အထိ ပျော်ရွှင်ခဲ့ရသည့် မြို့ကလေးမို့လား။ ထင်းရှူးရနံ့သင်းသည့် တောင်ပေါ်မြို့ကလေး။ တောင်ယာ လှေကားထစ်စိုက်ပျိုးခင်းများနှင့် အချိန်တွေအတော်များများမှာ မြူနှင်းတွေ ဝေသီနေ တတ်သည့် မြို့ကလေး။ ဆောင်းရက်တွေရောက်သည်နှင့် တစ်တောလုံး၊ တစ်တောင် လုံး တောင်နေကြာ ပန်းဝါဝါကြီးတွေ အပြိုင်းအရိုင်းပွင့်သည့် လွမ်းစရာမြို့ကလေး ကို ယွန်း မချစ်ဘဲ နေနိုင်ပါ့မလား။ တွေးရင်း၊ တောရင်း မခံနိုင်သည့်အဆုံးမှာတော့ ယွန်းတစ်ယောက် ကားပြတင်းဆီ ငေးနိုင်သမျှ ငေးလျှက် တိတ်တဆိတ် မျက်ရည်

mgyoe.com

mgyoe.com

ကျရတော့သည်။ ကားပေါ်တွင်ဖွင့်ထားသည့် သီချင်းကလည်း အဆိုတော် ဘိုဖြူ သီဆိုထားသော "လင်းခေးအဝင်" ဆိုသည့် လွမ်းစရာသီချင်းကလေး။

ကိုကိုတိုးသိလျှင် အဆူခံရမည်ဆိုးသည်ကြောင့် ကားပြတင်းဆီ မျက်နှာမူထားလိုက်သည်။ တစ်လမ်းလုံး အလွမ်းများနှင့်သာ တဝဲလည်လည် ဖြစ်ခဲ့ရသည့်ယွန်း။ မတ်စောက်ကောက်ကွေ့သည်နှင့်အမျှ ရင်သပ်ရှုမောအောင် လှပလွန်းလှသည့် ဂုတ်တွင်းသို့ ရောက်လျှင်တော့ မျက်ရစ်နှစ်ခုလုံး ပင့်လာသည်အထိ မျက်လုံးအပြူးသား ဖြစ်ရတော့သည်။ ယွန်းဟာ မျက်ရစ်နှစ်ခုနှင့် မျက်လုံးအိမ်ကျယ်လှသူမို့ တစ်ခါတလေ ကိုယ့်မျက်လုံးကို ဖားပြုတ်မျက်လုံးလိုလို၊ နွားမျက်လုံးလိုလို မြင်မိသည်အထိ။ ဖေဖေကတော့ သူ့သမီးသူ မျက်ဝန်းလှသောသူတဲ့လေ။

နာမည်ကျော် ဂုတ်ထိပ်တံတားကိုမူ အဝေးကတည်းက လှမ်းမြင်နေရသည်။ တောင်တန်းမြင့်မြင့်ကြီးတွေကြား၊ ချောက်ကမ်းပါးတွေကြားမှာ ကားကလေးတွေဟာလည်း ကွေ့ကွေ့ကောက်ကောက်နိုင်လှစွာ အဆက်မပြတ် သွားလာနေကြသည်မှာ အသဲယားစရာအတိ။ မတော် ချောက်ကြီးထဲ ကားထိုးကျခဲ့လျှင်တော့ အရိုးတခြား အသားတခြားနေမှာပဲရယ်ဟု တွေးမိတော့ ကြက်သီးတွေထတာများ တဖြန်းဖြန်းရယ်ပါ။

မြို့ကလေးကအထွက်မှာ ထွက်ပြူလာခဲ့လေသမျှ၊ အလွမ်းတွေအားလုံးဟာ အခုချိန်မှာတော့ ကြက်ပျောက်၊ ငှက်ပျောက်ပင်။ ငေးရင်းမောရင်းကပင်၊ ခေါင်းတွေ တရိပ်ရိပ် မူးလာခဲ့သည်။ ဗိုက်ထဲက လှိုင်းလုံးတွေဟာလည်း တစ်လိမ့်ခြင်း၊ တစ်လိမ့်ခြင်း တက်လာသလားထင်ရ၏။ မူးဝေလိုက်သည်မှာ မပြောနှင့်။ လမ်းဘေးဝဲယာတလျှောက် လှချင်တိုင်းလှနေကြသည့် စွယ်တော်လို၊ သစ်ခွလိုနောက် အမည်မသိ တောပန်းကလေးတွေဟာလည်း မူးရိပ်ရိပ်ကြားမှပင် လှရက်နိုင်လွန်းကြသည်။

"ကားမူးပြီမလား၊ ရော့ ကြွပ်ကြွပ်အိတ်၊ ကားမူးတတ်ရင် ဆေးသောက်ထားပါလို့ ပြောထားရက်နဲ့"

"ယွန်းမှ ခရီးရှည်တစ်ခါမှ မထွက်ဖူးဘဲ၊ မသိလို့ပေါ့ ကိုကိုတိုးရယ်"

"လေတွေပဲ အန်နေတာမလား၊ အစာမှ မစားတာရော့ ကြက်ဥပြုတ်ကလေးစားလိုက်၊ ပြီးရင် ဆေးသောက်ပြီး အိပ်တော့ ဘယ်မှငေးမနေနဲ့"

ယွန်းမှာ ကိုကိုတိုးကို ဘာမျှ ပြန်ပြောမနေတော့ဘဲ၊ သူပြောသလိုသာ လုပ်လိုက်သည်။ ကြက်ဥပြုတ်ကလေးတစ်လုံး စားပြီး ဆေးသောက်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သိပ်ပင်မကြာလိုက် ယွန်းမျက်လုံးကလေးတွေ ငိုက်မြည်းစပြုလာခဲ့၏။ အိပ်မက်ကလေးပင် မက်လိုက်သေး၏။

အိပ်မက်ထဲတွင် ယွန်းဟာ ဆွတ်ဆွတ်ဖြူနေသည့် ဂါဝန်ဖြူလွလွလေးကိုဝတ်လျက် တောင်တန်းစိမ်းစိမ်းတွေကြား ဟိုဟိုသည်သည် လျှောက်သွားနေခဲ့သတဲ့။ သွားရင်းသွားရင်း ဂုတ်ထိပ်တံတားကြီးပေါ် ရောက်သွားခဲ့သတဲ့။ ယွန်းဟာ ဂုတ်ထိပ်တံတားကြီးပေါ် ပင်ပင်ပန်းပန်း တက်ခဲ့ရခြင်း မဟုတ်။ ယွန်း ဂါဝန်ကလေးဟာ သာမန်ဂါဝန်ကလေး မဟုတ်ခဲ့။ ယွန်း၏ ဂါဝန်ကလေးမှာ လေဟုန်ကိုဆန်၊ အဝေးဆုံးကို ပျံနိုင်ခဲ့သည့် အနီရောင်တောင်ပံတစ်စုံပါ ပါခဲ့သည်တဲ့။ အံ့ဩစရာကောင်းစွာ၊ ယွန်းဟာ တံတားထိပ်ရောက်ပါမှ တံတားအောက်ခြေက ဝါလွင်နေအောင်ပွင့်နေတဲ့ နေကြာရိုင်းပန်းကလေးတွေဆီ စိတ်ရောက်သွားပြန်သတဲ့။

အဲသည်အချိန်မှာပဲ လှိုဏ်ခေါင်းကြီးထဲကနေ ရုတ်တရက် ရထားတစ်စင်းဟာ အရှိန်ပြင်းပြင်းနဲ့ ထွက်လာခဲ့သတဲ့။ ယွန်း ရှောင်ဖို့ကြိုးစားခဲ့ပေမယ့်၊ ဘယ်လိုမှ မတတ်နိုင်ခဲ့ပါဘူး။ မတတ်နိုင်တဲ့အဆုံးမှာတော့ ယွန်း ထိတ်လန့်ကြောက်ရွံ့စွာနဲ့ပဲ တံတားကြီးပေါ်ကနေ မျက်စိစုံမှိတ်လို့ ခုန်ချခဲ့ရတော့တယ်။ ယွန်းရဲ့ တောင်ပံကလေးဟာ၊ အပေါ်ကို ဆန်တက်ချိန်မှာသာ အလုပ်လုပ်တဲ့ တောင်ပံကလေးမို့ ယွန်း သည်လမ်းကိုသာ ရွေးချယ်ခဲ့ရတာပါလေ။ တံတားအောက်ခြေက စမ်းချောင်းကလေးထဲကိုများ ကျခဲ့သည်ရှိသော် အသက်ရှင်လိုရှင်ငြားပေါ့လေ။

အံ့ဩစရာကောင်းလိုက်တာ၊ ယွန်းဟာ မြေပြင်ပေါ်လည်း မကျ၊ စမ်းချောင်းထဲကိုလည်း မကျဘဲ လမ်းတစ်ဝက်မှာပဲ ရပ်တန့်နေသတဲ့။

ဟင်. . .၊ ယွန်းကို ဘယ်သူများ ဖမ်းထားခဲ့တာလဲ။ ယွန်းကို ကယ်ခဲ့သူရဲ့မျက်နှာကို မော့ကြည့်မိတဲ့အခိုက်။

"အား. . ."

"ဟ. . . လန့်လိုက်တာ မိယွန်းရာ၊ ဘာဖြစ်ပြန်ပြီတုန်း"

"ဟီး. . . အိပ်မက် မက်နေတာ"

"မက်တာက ဟုတ်ပါပြီ၊ ဘာတွေ့လို့ အလန့်တကြား ထအော်ရတာတုန်း။ ကားဆရာလည်း ထပြေးသွားပါဦးမယ် နင့်ဟာ"

ယွန်းနှင့် ကိုကိုတိုးထိုင်သည့် ထိုင်ခုံက ကားဆရာနှင့် အနီးဆုံးမှာဖြစ်သည်။ ကိုကိုတိုး အပြောကြောင့် ကားဆရာကို လှမ်းကြည့်တော့ ယွန်းအား မျက်လုံးပြူးကြီးတွေနှင့် တအံ့တဩ ကြည့်နေလေ၏။ယွန်းအသံကြောင့် လန့်သွားပုံရ၏။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟီး၊ ကန်တော့ကန်တော့၊ ယွန်း အိပ်မက်မက်နေတာ။ အိပ်မက်ထဲမှာ ဂွန်စောနဲ့တူတဲ့ မင်းသားလေးက ယွန်းကို လာကယ်တာတဲ့"

"ပေါတောတောနဲ့"

ယွန်းစကားကြောင့် ကားပေါ်ကလူတွေ ပြုံးစိစိဖြစ်ကုန်ကြသည်။ ကိုကိုတိုးဟာတော့ မိန်းမကြီးတစ်ယောက်လို မျက်စောင်း တစ်ထိုးထိုးနှင့်။ ယွန်း ပြန်အိပ်ချင်လာသည်မို့ ဝါးခနဲ တစ်ချက်သမ်းဝေ လိုက်သည်။

"ဝါးမနေနဲ့၊ သည်တစ်ခါ ဂွန်စောနဲ့ထပ်တွေ့ရင် နင့်ကိုချောက်ထဲ အရင်ပစ်ချမှာ"

ကိုကိုတိုးစကားကြောင့် ကားဆရာကြီးအပါအဝင် တစ်ကားလုံး တဟားဟား အော်ရယ်ပါတော့သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၄)

တောင်ပေါ်သူစစ်စစ် ယွန်းတစ်ယောက် မန္တလေးကိုရောက်သည်နှင့် ခွေးသံတရွှဲရွဲ ဖြစ်ရတော့သည်။ တောင်တန်းပြာ ကားဂိတ်ကလေးမှာ ကားလက်မှတ်ဖြတ်ရင်း ခရီးတစ်ထောက် နားရသည်။ ခရီးသွားနေပါမှ မမြင်ချင်၊ မလာစေချင်သည့်အရာက လာရသည်မို့ စိတ်ရှုပ်ထွေးရသည်ကလည်း အမှန်။ မိန်းကလေးဖြစ်ရခြင်းမယ်၊ သည်တစ်ချက်ကိုတော့ဖြင့် အင်မတန် စိတ်ကုန်မိသည်။ လိုလိုပိုပို ယူလာခဲ့မိလို့သာ တော်သေးသည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ ခြေထောက်လက်ထောက်ကလေးတော့ ဆေးလိုလှသည်မို့ ဟိုဟိုသည်သည် အကဲခတ်မိသည်။ ကားဂိတ်မို့ အများစုဟာ ယောကျ်ားသားတွေ။ ကုန်တင်ကုန်ချလုပ်နေကြသည့် အလုပ်သမားကလေးများနှင့် ခရီးသည်များ ဥဒဟိုသွားလာနေကြသည်မို့ ကြာကြာ မကြည့်နိုင်ဘဲ ခေါင်းများပင် မူးလာခဲ့ရသည်။ နောက်ဆုံးတော့ ဂိတ်က မိန်းကလေး သုံးလေးငါးဦးထဲမှ သဘောကောင်းဖော်ရွေပုံရသည့် အစ်မကြီးတစ်ယောက်စီ ခွင့်တောင်းရ၏။ ဖော်ရွေ သဘောကောင်းလှသည့် မန္တလာသူမမက ရေပါချိုးခွင့်ပြုသည်မို့ ကျေးဇူးအခါခါ တင်မိရပြန်သည်။

ယွန်းကလည်း ဖြစ်ကြောင်းကုန်စင်ကို အရှိုးသားဆုံး တင်ပြခဲ့သည်မို့ ခွင့်ပြုသည် ထင်ပါသည်။ မိန်းမသားတွေမှာ ဖြစ်တတ်သည့် စိတ်ရှုပ်ထွေးမှုကို မိန်းမသားအချင်းချင်းကသာ ပိုမိုနားလည်ပေးနိုင်တာ မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

"ရပ့် ငါ့ညီမလေးရယ်၊ အားမနာရပါဘူး။ ကျွန်တော်လည်း အဲလိုဖြစ်ရင် စိတ်အင်မတန် ရှုပ်ရလို့ ကိုယ်ချင်းစာတယ်သိလား။ စိတ်ကြိုက်သာသုံး၊ တံခါးလေး တော့ လော့ခ်ချထားနော်။ ဂိတ်ဆိုတော့ သိတယ်မလား လူတကာ ဝင်ထွက်နေတာ ရယ် မဖြစ်ခင်တော့ မဖြစ်ပေ့ါ၊ ဖြစ်လာရင် မကောင်းဘူးလေနော်။ သွားသွား ငါ့ညီမလေး၊ အညောင်းအညာ ပြေသွားအောင် ရေကလေးပါ ချိုးလိုက်။ အအေး တော့ မပက်စေနဲ့ပေ့ါအေ"

"ဟုတ်ကဲ့ မမ၊ ကျေးဇူးတင်ပါတယ်နော်"

အပြင်မှာ ပူပူလောင်လောင် နိုင်လှသော်ငြား၊ အုတ်ကန်ကလေးအတွင်း မှ ရေကလေးဟာတော့ အေးအေးမြမြရှိလို့သာ တော်သေးသည် ဆိုရမည်။ ငါးပေ အမြင့်လောက်ရှိသည့် ကန်အကြီးကြီးထဲမှာ ရေတွေဟာလည်း အလျှံပယ်ပင်။ ခြေထောက်၊ လက်ထောက်ကလေး ဆေးလို့၊ ရေလေးတစ်ခွက်တစ်ဖလား ချိုးပြီး သည့်အခါတွင်မှာတော့ အကြောအချဉ်တွေ ပြေလျော့သွားသလို ခံစားရသည်။ ပေ့ါပေ့ါပါးပါးနှင့် နေရထိုင်ရတာ၊ သက်သောင့်သက်သာ ရှိလာသည်။

ဂိတ်မှ မန္တလာသူမမပေးသည့် အကိုက်အခဲပျောက်ဆေးက လေးသောက် ပြီးသည့်အခါတွင်မှာတော့ ဝမ်းဗိုက်ဆီမှခါးရိုးတကြောဆီမှာ နာကျင်ကိုက်ခဲမှု မှန်သမျှ ပိန်းကြာရွက်ပေါ် ရေမတင်သလို လျှောခနဲ ပျောက်ကင်းသွားရ၏။ နှာရှု ဘူးကလေးပါ လက်ဆောင်ပေးသည်မို့ ကျေးဇူးတင်ကြောင်း အခါခါဆိုမိ၏။ မန္တလေးသူ၊ မန္တလေးသားတွေဟာ အင်မတန်ဖော်ရွေပျူငှာတတ်ကြကြောင်းကို ကြားသာကြားဖူးခဲ့သည်။ ခုတော့လက်တွေ့ကြုံရပြီမို့ ကျေးဇူးတင်ရ ချစ်ရသည်မှာ မပြောနှင့်။ မေမေတစ်ယောက် ဘာဖြစ်လို့များ မန္တလေးသားတစ်ယောက်ယောက် ကို မယူခဲ့ပါလိမ့်ဟုပင် အားမလိုအားမရ တွေးမိလိုက်သေးသည်။ ပြီးတော့မှ ဖေဖေ့မျက်နှာကြီး ပေါ်ပြူးပြီး ရယ်ချင်ပက်ကျိ ဖြစ်လာတော့၏။

သည်တဆင့်ခရီးစဉ်ကလေးမှာတော့ ကားမထွက်ခင်အချိန်မှာတည်း က နန်းကြီးသုပ်တစ်ပွဲနှင့် ဆေးကြိုသောက်ထားသည်မို့ အော့ခြင်း၊ အန်ခြင်း မရှိ ပေ။ နန်းကြီးသုပ်သည်လည်း ဂိတ်ကမမကပင် စီမံမှာကြားပေးခြင်း ဖြစ်သည်။ တစ်ခါမျှ မစားဖူးသော နန်းကြီးသုပ်ကလေးဟာလည်း ယွန်းပါးစပ်ဖျားကလေးထဲ တစိမ့်စိမ့်နှင့် အရသာရှိလို့ပင်။

ကိုကိုတိုးတစ်ယောက်ဟာတော့ ယွန်းနှင့်ဆန့်ကျင်စွာ တက်တက်ကြွကြွ ရှိလှ၏။ လမ်းတစ်လျှောက်လုံး အချဉ်ပေါင်းတွေသာ ဟောတစ်ထုပ်၊ ဟောတစ်ထုပ်

mgyoe.com SAMPLE BOOK


နှင့် မရှိးနိုင်အောင် စားလှသူဖြစ်သည်။ မိန်းမသားဟာ သူလား၊ ကိုယ်လားပင် မဝေခွဲနိုင်တော့။ သူကြည့်ပြီး ယွန်းမှာ သွားရည်တမြားမြားဖြစ်ရ၏။

ငံပြာရည်၊ ငရုတ်လှော်မှုန့်နှင့် သုပ်ထားသည့် အချဉ်ပေါင်းသုပ်ကလေး ကိုတော့ ယွန်းလည်း ကြိုက်နှစ်သက်လှသည်ပင်။ ဗိုက်နာမှာစိုးသည်ကြောင့် အာသာပြေရုံ၊ တစ်ဖက်နှစ်ဖတ်လောက်သာ ကောက်ဝါးနေရသည်။ မဟုတ်လို့ ကတော့ သည်အချိန်မှာ ကိုကိုတိုးနှင့်အပြိုင် ယွန်းဗိုက်ထဲတွင်လည်း အချဉ်ပေါင်း များဖြင့် အချဉ်ပေါက်နေလောက်ရောပေ့။

တစ်လမ်းလုံး ရာသီဥတု၊ သာသာယာယာရှိသည်မို့ ဟိုဟိုသည်သည် ငေးရင်း လိုက်ပါလာခဲ့သည်။ တစ်လမ်းလုံး အေးအေးချမ်းချမ်း ရှိလာသည့် ရာသီ ဥတုဟာ ပင်လောင်းဟူသည့် မြို့ငယ်ကလေးကို ရောက်သည့်အခါမှာတော့ မိုးတွေ အဆက်မပြတ် ရွာသည်မို့ အေးလိုက်သည်မှာ မပြောနှင့်။ ဆီးနှင်းနှင့် ရောယှက် ကာ ရွာချသည့်မိုးမို့ ခိုက်ခိုက်တုန်အောင် အေးလှသည်။ ချယ်ရီပန်းကလေးတွေ ဝေနေအောင်ပွင့်သည့် ပင်လောင်းမြို့ကလေးမှာ ချမ်းချမ်းစီးစီးကြားက လှရက် နိုင်လွန်းသည်။ လွမ်းစရာလည်းကောင်းလှ၏။ ကိုကိုတိုး အပြောအရ လှရက်လွန်း သည့် သည်မြို့ကလေးကို နတ်ဝှက်ထားသည့် မြို့ကလေးရယ်လို့တောင် ပြောစမှတ် ပြုကြသတဲ့။ နိဝင်ဘာလကြီးအတွင်း အချိန်အခါမဟုတ် ရွာသည့်မိုးမို့ သည်မိုး ကလေးများမိလျှင် ယွန်းတစ်ယောက် နာဟယ်၊ ဖျားဟယ်များ ဖြစ်လေဦးမလား မသိနိုင်ပေ။

ကားရပ်သည့်အခိုက် ရှမ်းခေါက်ဆွဲကလေးတစ်ပွဲသာ ဖြစ်ဖြစ်မြောက် မြောက် စားနိုင်သည်။ ကြွပ်ကြွပ်ရွရွကလေးနှင့် အရသာရှိလှသည့် ဝက်ခေါက် ကြော်ကလေးကိုတော့ဖြင့် နှစ်ထုပ်ဆက်တိုက် ဖောက်စားမိသည်အထိ၊ ခံတွင်း တွေ့ရပါ၏။ တို့ဖူးခြောက်ကြော်ကလေးလည်း အရသာကောင်းလှ၏။ တိုဟူးခြောက် ကြော်ကလေးလည်း နှစ်ထုပ်ကုန်သည်အထိ ဖောက်စားဖြစ်သည်။ ပဲအစစ်မို့ထင့်၊ အရသာရှိလှသည်။

ကိုကိုတိုးတစ်ယောက်ဟာတော့ ရှမ်းခေါက်ဆွဲတင် တစ်ခါတည်းနှင့် သုံး၊ လေးပွဲကုန်အောင် စားနိုင်သည်။ ဝက်ခေါက်ကြော်တွေဟာတော့ ဘယ်နှထုပ် တောင် စားထားသည် မသိ။ သူ့ခေါက်ဆွဲပန်းကန်ဘေးမှာ ဝက်ခေါက်ကြော်ထုပ် သည့် ပလတ်စတစ်အိတ်ခွံကလေးတွေ ပုံထပ်နေတော့၏။ တို့ဖူးခြောက်ကြော်တွေ လည်းဘယ်နှထုပ်မှန်းမသိအောင်၊ တဂျွတ်ဂျွတ် ဝါးစားနေခဲ့သည်။ သူ့ကိုကြည့်မိ

mgyoe.com

mgyoe.com SAMPLE BOOK

ပါက တော်ရုံလူကတော့ သွားရည်ကျမည်သာ။

တစ်ခါတစ်ခါတော့ ဘယ်လောက်စားစား၊ မဝတတ်သည့် ကိုကိုတိုး ခန္ဓာကိုယ်ကလေးကို မနာလိုဖြစ်ရသည်ပင်။ ဗိုက်ခေါက်လည်း ထွက်သည်ရယ်လို့ မတွေ့ရ။ ယွန်းဟာတော့ နည်းနည်းကလေးစားမိသည်နှင့် ဗိုက်ခေါက်ဟာ သိသိသာသာ စူထွက်နေတတ်၏။ ယွန်းဝချင်သည့်နေရာကတစ်နေရာ၊ တစ်ကယ်တမ်း တစ်ကြိုပြေးကာဝနေသည်က ခါးနှင့် ဝမ်းဗိုက်တကြော။ မုန်းစရာကောင်းပေစွ။ ယွန်းက မေမေ့လို တင်ကလေးပြည့်ပြည့်နှင့် ခါးကလေးသိမ်ချင်သည်။ တွေးရင်းနှင့် မေမေ့ကို သတိရလာမိတော့ မျက်ရည်က အလိုလို ဝဲချင်လာပြန်သည်။

ကိုကိုတိုးဟာတော့ သည်လမ်း၊ သည်ခရီးကို နှစ်ကြိမ်တိုင်တိုင် သွားဖူးသူမို့၊ ယွန်းလိုလည်း အိမ်လွမ်းခြင်းဟူသည့် ခံစားချက်ကို ခံစားရပုံမရ။ တစ်ချိန်တစ်ခါက ခံစားဖူးသူမို့ ရိုးသွားခြင်းပေလား၊ ယောကျ်ားကလေးမို့မျှား မိန်းကလေးတွေလို ထွေလီကာလီ မခံစားတတ်လေသလားတော့ ကိုကိုတိုးသာ သိပေလိမ့်မည်။

ယွန်း ကြည့်ရသလောက်တော့ ကိုကိုတိုး တစ်ယောက်ဟာ သည်ခရီး တစ်လျှောက်မှာ ယွန်း အမြင်ကပ်ယူရလောက်အောင်ထိ ပေါ့ပါးပျော်ရွှင်နေခဲ့ခြင်း ပင်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၅)

"ဟော၊ ရောက်လာပြီပေါ့။ စောသားပဲ"

ဟုတ်တယ် မမနွေ၊ ဒါတောင်လမ်းမှာ မိုးတွေသည်းနေလို့ ကားက ဖြည်းဖြည်းပဲ မောင်းရတယ် မဟုတ်ရင် သည့်ထက်စောမှာ။ ပင်လောင်းရောက်မှ ရွာတာပါ၊ ဟိုဘက်တကြောလုံးကတော့ အေးဆေးပဲ"

မြတ်လေးပန်းရုံ အပြင်ဘက်တွင်၊ ဖိနပ်ဗွက်သုတ်နေခဲ့သည့် ကိုကိုတိုး ထံမှ ရုတ်တရက် အသံထွက်ပေါ်လာသည်မို့ မမနွေတစ်ယောက် အံ့ဩသွားပုံရ၏။

"ကိုတိုးရော ပါတာလား၊ မမနွေ ဘာမှ ကြိုမသိခဲ့ရပါလား"

"ဟုတ်တယ်၊ ဖေဖေ လိုက်ပို့ခိုင်းလို့။ နောက် ယွန်းကရော လိုက်ပို့ပေးဖို့ ဂျိုကျနေလို့ နားညည်းတာနဲ့ မအားတဲ့ကြားက လိုက်ပို့ပေးရတာ"

"ယွန်းက မလာတတ်ဘူးလား၊ ဘာလို့ ကိုတိုးကို လိုက်ပို့ခိုင်းရတာလဲ။ နိုင်ငံခြားခရီးစဉ်လည်းမဟုတ်၊ ငယ်တော့တဲ့အရွယ်လည်း မဟုတ်ဘဲနဲ့။ အဲ့သလို ဟိုလူ့အားကိုး သည်လူ့အားကိုး လုပ်တာမျိုး မမနွေ မကြိုက်ဘူးနော့။ နင့်တူမတွေ တောင် ဘယ်ခရီးသွားသွား၊ တစ်ယောက်တည်း သွားရဲ၊ လာရဲ၊ သွားတတ်၊ လာတတ်အောင် မမနွေက သင်ထားပေးတာ။ သုံးယောက်စလုံး ဘယ်ခရီးနေနေ မိဘကို စိတ်မပူစေရဘူး၊ နောက်ဆံ မတင်းစေရဘူး"

ခရီးရောက်မဆိုက် ခရီးဦးကြို ပြုလိုက်သော မမနွေအသံ မာဆတ်ဆတ်

mgyoe.com

mgyoe.com
SAMPLE BOOK

ကြောင့် ယွန်း အားငယ်သွားမိသည်။ ကိုကိုတိုးမျက်နှာကတော့ ကြောက်စရာကောင်းလောက်အောင် နီရဲခက်ထန်နေတော့၏။ သူတို့နှစ်ယောက်ကြား ယွန်းနေရ ခက်လှပါ၏။ လိုက်လည်း လိုက်သည့် မောင်နှမတွေ။ ကိုကိုတိုးဟာ သူ့ကိုများကြောသလိုလိုနှင့် ပြောဆို၊ ပြုမူမိလျှင် မိဘကိုတောင် လက်ခံတတ်သူ မဟုတ်။ ခုလည်း မမနွေမျက်နှာကို ခံကြည့်နေတာများ ကြောက်ခမန်းလိလိပင်။ ယွန်းကြားထဲကနေ စိတ်တွေညစ်လှ၏။

"ယွန်း၊ တစ်ရက်နှစ်ရက်နေပြီးရင် ငါပြန်မှာနော်"

"ဟင်. . . တစ်ပတ်၊ နှစ်ပတ်လောက်နေပြီးမှ ပြန်လေ။ ယွန်း အားငယ်တာပေါ့ ကိုကိုတိုးရယ်"

"ဘာတစ်ပတ်၊ နှစ်ပတ်မှ နေမနေနဲ့ လိုက်ပို့တာပဲ လွန်လှပြီ။ မနက်ဖြန်ဆို ပြန်တော့။ ယွန်း၊ မမနွေသည်လောက် ပြောနေတဲ့ကြားကကို အားငယ်ရအောင် မမနွေတို့က သူစိမ်းတွေမို့လား၊ ပြီးတော့ ဆရာမ လုပ်မယ့်သူက သည်လောက်ထိ ပျော့ညံ့နေတာမျိုး မမနွေဖြင့် တယ်မကြိုက်ချင်လှပါဘူး။ မမနွေအသက်ဆယ့်ခြောက်နှစ်နဲ့ အညာရွာကလေးတစ်ရွာကနေ သည်ကိုတစ်ယောက်တည်း ထွက်လာခဲ့ရတာ။ ယွန်းလိုသာဆို ခက်ခက်ရချည်ရဲ့"

"အခုပြန်တယ်ဗျာ"

ကိုကိုတိုးတစ်ယောက်၊ မမနွေ ကြိုဆိုပုံကို အတော်စိတ်နာသွားဟန်တူ၏။ အိမ်ထဲပင် မဝင်တော့ဘဲ အပေါက်ဝတင် ပြန်လှည့်ပြန်သည်မို့ မမနွေတစ်ယောက် ကိုကိုတိုး၏ ဂျင်းကျောပိုးအိတ်ကလေးအား ကဗျာကသီ ဆွဲထားလေ၏။ မမိတမိနှင့် ခြေဖျားကလေး ထောက်လျက်၊ ကိုကိုတိုးခေါင်းကလေးအား ဒေါက်ခနဲမြည်အောင် ခေါက်လေရင်း ဆူပူငေါက်ငမ်းပြန်လေ၏။

"ဟင်၊ နင် သည်အရွယ်ရောက်နေပြီကို ခုထိ ကလေးဆန်နေတုန်းလား။ မာကြောကြွတ်ဆတ်နေတုန်းလား။ အစ်မကို သည်လို တုံ့ပြန်စရာလား"

"အစ်မပဲ၊ ခရီးရောက်မဆိုက် အတင်းတွေ နှင်လွှတ်နေပြီးတော့"

"ဟဲ့. . . ငါဘယ်မှာ နှင်လွှတ်လို့လဲ"

"မနက်ဖြန် ပြန်ဆို။ ခုနပဲ ပြောပြီးတော့"

"ဟဲ့. . . အဲ့ဒါ နှင်လွှတ်တာတဲ့လား။ ရှင်ပဲ အလုပ်တစ်ဖက်နဲ့ လာရတာပါဆို"

"ကျွန်တော် ကျောင်းလာတက်တဲ့ အချိန်တွေကတည်းက ရိပ်မိပါတယ်။

mgyoe.com

 SAMPLE BOOK 

မမငွေ ကျွန်တော့်ကို မလိုလားခဲ့ဘူးဆိုတာ"

"ဘာ၊ ဟဲ့. . . နင်ဘာတွေပြောနေတာလဲကို တိုးရယ်။ ငါနင့်ကို မလို လားပါဘူးလို့ ပြောမိခဲ့လို့လား"

"ပါးစပ်က ထုတ်မပြောရုံတစ်မယ်ပဲ၊ မမငွေ ကျွန်တော့်ကို လိုလားဟန် တစ်စက် ပြခဲ့လို့လား"

"နင်၊ အထင်လွဲနေပြန်ပြီ။ သူ့ကို လိုက်မပို့စေချင်တာနဲ့ နင့်ကို နှင်လွှတ် သတဲ့လား။ လိုရာယူမတွေးစမ်းပါနဲ့ တိုးရယ် ပြဒါးတစ်လမ်း၊ သံတစ်လမ်းပါဟဲ့"

"ငွေတို့ရယ်၊ အပေါက်ဝမှာ လူကြားမကောင်းပါဘူး။ အထဲဝင်ပြောကြ ပါ။ ဟိုမှာ ကလေးတွေလည်း ကြည့်နေကြပြီ။ မကောင်းပါဘူး"

"ဘာမှမဖြစ်ဘူး။ ကလေးတွေ ဘာကိစ္စ ကြည့်နေကြတာလဲ။ ကိုယ့် အလုပ် ကိုယ်လုပ်ကြစမ်း။ ဒါနဲ့ လက်ထဲက ဘာလဲ၊ ကွမ်းယာတွေလား။ မတည့်ပါ ဘူးလို့ဆိုတဲ့ဟာကို ကြပ်ကြပ်ဝါးနေပါ"

ပြေရာပြေကြောင်း လေပြေကလေးနှင့် လာရောက်ဖြန်ဖြေသူမှာ မမငွေ အမျိုးသားဖြစ်ပုံရသည်။ ကိုကိုတိုးဆီက ကြားဖူးပုံအရဆိုလျှင်တော့ မမငွေအမျိုးသား ကိုစိုင်းပင် ဖြစ်ရမည်။ အားကစားဝတ်စုံ နက်ပြာနှင့် အဖြူကြားအား ခပ်ပွပွ ဝတ်ဆင်ထား၏။ လူက ပိန်သည်လား၊ အကျီဆိုဒ်ပင်ကြီးလေသလားတော့ မဆို တတ် ကြည့်ရသည်မှာ ပွတတနိုင်လှ၏။

ပုံစံကြည့်ရသည်မှာတော့ မဆိုးလှ။ အသားခပ်ဖြူဖြူနှင့် အနေအေးပုံ ရသည်။ နှုတ်ခမ်းအထက်တွင် မှည့်ကလေးတစ်လုံးနှင့် စကားပြောလျှင်လည်း အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ရှိသည်။ သူ့ခမျာ မိန်းမနှင့် ယောက်ဖ ဖြစ်သူကို လာရောက်ဖျန်ဖြေချင်သော်ငြား၊ မမငွေ၏ "ဘာမှမဖြစ်ဘူး" ဟူသော မာဆတ်ဆတ် အသံအောက်တွင် တိတ်ဆိတ်သွားခဲ့သည်။

လက်သီးဆုပ်ကလေးနှင့် ဝှက်ယူလာပုံရသည့် ကွမ်းထုပ်ကလေးကို လည်း အမှိုက်ပုံးကလေးထဲ ဘတ်ခနဲ သွားပစ်ရှာ၏။ မမငွေကိုတော့ အတော်မေတ္တာ ရှိပုံပင်။ ခုလည်း ဘာမှ ဆက်မပြောတော့ဘဲ၊ လက်ကလေးနှစ်ဖက် နောက်ပစ်လျက် နှစ်ထပ်အိမ်ကလေးထဲ အေးအေးလူလူ ပြန်ဝင်သွားခဲ့သည်။

ယွန်း အိမ်ကလေးထဲ မျက်လုံးဝေ့ကြည့်လိုက်သည်တွင်မတော့ ယွန်း တို့ကို တအံ့တဩ ငေးကြည့်နေကြသည့် ဆယ်ကျော်သက်အရွယ် နုနုငယ်ငယ် ကလေးတွေရဲ့ ဖြူဖြူစင်စင်၊ စပ်စပ်စုစု မျက်လုံးကလေးတွေကို တွေ့လိုက်ရ၏။

mgyoe.com SAMPLE BOOK

သည်မျက်လုံးလေးတွေထဲမှာ ဘယ်မျက်လုံးလေးတွေက ယွန်း တူမလေးတွေရဲ့ မျက်လုံးလေးတွေပါလိမ့်။ မောင်နှမသားချင်းထဲ မိန်းမသားမပါသူမို့ တူမဝမ်းကွဲကလေးတွေဆိုတာ ယွန်းအတွက်တော့ အင်မတန် တန်ဖိုးထား မက်မောစရာ အဖော်မွန်ပင် ဖြစ်တော့၏။ ယွန်း နှစ်လိုစွာ လိုက်ရှာနေမိသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၆)

နန်းခင်လေးငုံ

နန်းခင်လေးငုံဆိုတာ မမနွေ၏ အငယ်ဆုံးသမီးကလေး ဖြစ်သည်။ ရယ်လိုက်လျှင် သွားတက်ကလေးနှစ်ဖက်၊ ပါးဖောင်းဖောင်းကလေးနှင့်မို့ မမနွေ အငယ်စား ကလေးဖြစ်သည်။ မမနွေသည်လည်း သွားတက်ကလေးတွေ၊ ပါးမို့မို့ ကလေးနှစ်ဖက်နှင့်မို့ မမနွေများ အားရပါးရ ရယ်လိုက်သည့်အခါတိုင်း ကလေးလေး တစ်ယောက်လို အင်မတန်မှ ချစ်စဖွယ်ကောင်းလှ၏။ အငယ်ဆုံးမကလေး နန်းခင် လေးငုံကို တစ်အိမ်လုံးက ချစ်စနိုးနှင့် ခင်လေးဟုသာ ခေါ်ကြသည်။

မျက်လုံးကြည်ကြည်ဝိုင်းဝိုင်းကလေးနှင့် ဖြူဖြူစင်စင်ရုပ်ကလေးဖြစ်၏။ မျက်ခုံးမွှေးကလေးကတော့ မရှိမရှားထဲက ဖြစ်သည်။ နှာခေါင်းကလေးသည် လည်း မချွန်မလုံး၊ အသင့်အတင့်ကလေးဖြစ်၏။ နှုတ်ခမ်းကလေးနှစ်လွှာဟာတော့ ခပ်ပါးပါးကလေး ဖြစ်သည်။ ခုမှ သုံးတန်းကျောင်းသူကလေးမို့ ဆံပင်ကေလေး ကိုတော့ ယောကျ်ားဆန်ဆန်ကလေး ညှပ်ထားပေး၏။ အလယ်ခွဲ ကေတိုကလေးမို့ အဆိုတော် စည်သူလွင်ကေနှင့်ပင် တူသယောင်ယောင် ရှိ၏။ ဂျင်းဘောင်းဘီရှည်၊ အပေါ်က ဖလန်ထည်အကွက်နှင့်မို့ တွေ့စက တူကလေးလား၊ တူမကလေးလား ဟု ယွန်းပင် ဇဝေဇဝါ ဖြစ်လိုက်သေးသည်။ သမီးမိန်းကလေး သုံးဦးရှိသည့်အနက် မှ အငယ်ဆုံး၊ အထွေးဆုံး သမီးကလေးမို့ တစ်အိမ်လုံး၏အသဲကျော်၊ ပဲလှော်မ

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးလည်း ဖြစ်ပြန်သေး၏။ ခြေဆစ်၊ လက်ဆစ်ကလေးတွေ လှပလွန်းသလို၊ ဒူးတံပေါင်တံတွေ ရှည်လှသူမို့ သူလေး ကြီးလာလျှင် အရပ်အမောင်း တော်တော်ကောင်းမည့်ပုံပင်။ ယခုကိုပင် မမနွေနှင့် မတိမ်းမယိမ်း ဖြစ်နေပေပြီ။ သူတို့သားအမိများ တူယှဉ်တွဲပြီး လျှောက်သွားလျှင် တွေ့သည့်သူတိုင်းက "ပုံတူထုထားတဲ့ ပန်းပုရုပ်ကလေးတွေပါလားကွယ်" ရယ်လို့ ပြောစမှတ်ပြုသည်အထိ ရုပ်ချင်းဆင်လှသည့် သားအမိဖြစ်သည်။

ခင်လေးသည် အငယ်ဆုံးကလေးဖြစ်သော်လည်း အနေအေးပြီး လူကြီးဆန်သည်။ စကားပြောလျှင် အပြုံးကလေးစွက်၍ ပြောတတ်ဆိုတတ်သူလေးဖြစ်၏။ စကားပြောလျှင် သူ့ကိုယ်သူ "ကလေးကလေ၊ ကလေးကလေ" ဟူသောနာမ်စားကိုသုံးလျက် ပီယဝါစာသော စကားများကိုသာ ဆိုတတ်သူမို့ အင်မတန်မှချစ်စဖွယ်ကောင်းသူကလေး ဖြစ်၏။ ငယ်ငယ်ကလေးနှင့် လူချစ်လူခင်များလှသောကောင်မကလေးလည်း ဖြစ်သည်။ အကြီးများအပေါ် တွင်လည်း ဆိုးဟယ်၊ နွဲ့ဟယ်မရှိလှဘဲ သူ့ဘာသာ အေးအေးလူလူသာ နေတတ်သူကလေးဖြစ်၏။

"မမနွေ ဂျပန်သွားသည့်အချိန်တွင် ခင်လေးမှာ အသက်နှစ်နှစ်ပင်မပြည့်တတ်သေးဟု ဆိုသည်။ ရုတ်တရက် အမေပျောက်သွားတော့ မျက်လုံးကလေးကလယ်ကလယ်၊ မျက်ရည်ဥတွေ အဝိုင်းသားဖြင့် အမေပျောက် ရှာခဲ့ရှာသည်။ စကားလည်း ပီပီပြင်ပြင် မပြောတတ်ရှာသေးလေတော့ နေ့နေ့ညည "မေ့. . . မေ့" ဟူသည့်စကားကလေးတစ်ခွန်းကိုသာ အခါခါအလီလီ ရွတ်နေခဲ့ရှာသတဲ့။ အဝေးက အမေဖြစ်သူခမျာလည်း သမီးကလေးကို လွမ်းလှသည့်ဒဏ်ကြောင့်ဂျပန်ရောက်စရက်တွေမှာ မအိပ်နိုင်၊ မစားနိုင် ဖြစ်ခဲ့ရှာသတဲ့လေ။

မမနွေ မြန်မာပြည် ပြန်ရောက်ချိန်မှာ ကလေးက မအေကို မမှတ်မိရှာတော့ အကပ်မခံ။ ခြင်ထောင်နား မအေ့အရိပ်ကလေးတွေ့သည်နှင့်ကို အာခေါင်စူးအောင် အော်ငိုတတ်သတဲ့လေ။ သည်တော့မမနွေ တစ်ယောက် ရင်တွေ ထပ်ကွဲရပြန်တာပေါ့လေ။ သည်အကြောင်းတွေ မမနွေ ပြောပြခဲ့စဉ်က ယွန်းတစ်ယောက် • တရှုံ့ရှုံ့ ငိုကြွေးခဲ့ရသည်ကို သတိရမိသည်။ မမနွေဟာ ကျောင်းဆရာမပီပီအင်မတန် စကားအပြောအဆို ကောင်းလှသည်။

သူ့စကားတွေအောက်မှာ ယွန်းဟာ မြန်မာပြည်က နှစ်နှစ်သမီးအရွယ်လူမမယ် ကလေးငယ်ငယ်လေးကို မြင်ယောက်လိုက်၊ ဆာကူရာပန်းတို့ပွင့်ရာမိုင်ထောင်ချီအရပ်က လွမ်းနာကျနေရှာသည့် အမေဖြစ်သူကို မြင်ယောင်လိုက်နှင့်

mgyoe.com

mgyoe.com SAMPLE BOOK


မို့ မျက်ရည်တွေဟာ ခမ်းခြောက်သွားသည်ရယ်လို့ မရှိဘဲ နားထောင်ခဲ့ရသည်ပင်။ ထိုစကားတွေကြောင့် ခင်လေးအား မတွေ့မမြင်ဖူးခင်ကတည်းက အသံနှင့်ပင် အသနားပိုခဲ့မိသူဖြစ်သည်။

ယခု ရုပ်ကလေးနှင့် အမူအကျင့်ကလေးတွေကို မြင်ရသည့်အခါမတော့ ပိုလို့သာ ချစ်ခင်သနားစိတ်ဖြစ်ရတော့သည်။

ယွန်းသည် ချစ်ခင်နှစ်လိုစွာဖြင့် တူမငယ်ထွေးကလေးအား ပြုံး၍သာ ကြည့်နေမိတော့သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၇)

**နန်းမိုလင်းခမ်း**

နန်းမိုလင်းခမ်းသည် မမနွေ၏ သမီးအလတ်ကလေး ဖြစ်သည်။ တစ်အိမ်လုံးက မိုမိုဟုသာ ချစ်စနိုးခေါ်ကြ၏။ မိုမိုသည် တစ်အိမ်လုံးတွင် အအေးဆုံးကလေးဖြစ်သလို အလှဆုံး၊ အချောဆုံးကလေးလည်း ဖြစ်၏။ ကိုရီးယားမင်းသမီး အွန်စောကလေးလိုပင် သူမမျက်နှာကလေးဟာ ကြည့်မိသူမှန်သမျှ၏ ရင်ကိုအေးမြစေသူကလေးမို့ သူမကလေးကို မြင်မိ၊ ကြည့်မိလေသူတိုင်း ချစ်စနိုးဖြစ်ရသည်ချည်းပင်။

မျက်လုံးကြည်ကြည် တောက်တောက်ကလေးနှင့် နှုတ်ခမ်းတွဲတွဲဖူးဖူး၊ ထော်ထော်ကလေးကို ပိုင်ဆိုင်ထားသူကလေးဖြစ်၏။ နှာတံကလေးသည်လည်း မရှည်လွန်းမတိုလွန်းနှင့် အလောတော်ကလေး ဖြစ်၏။ မျက်ခုံးကလေးတွေမှာတော့ ခုံးမျက်စ လကလေး တစ်စင်းလိုပင် ချစ်စဖွယ်ကလေး ဖြစ်၏။ ကွမ်းရိုး ကလေးဆွဲထားသလို သေးသေးကွေးကွေးကလေး ဖြစ်၏။ မသိလျှင်မျက်ခုံးမွေး ဆွဲထားသလိုထင်ရပြီး စေ့စေ့စပ်စပ်ကြည့်ပါမှ သဘာဝအတိုင်း ဖြစ်တည်နေသည့် မျက်ခုံးကလေးဖြစ်၏။

ပန်အိုးထိုးခြင်း၊ စာဖတ်ခြင်း၊ အိမ်အလှဆင်ခြင်းနှင့် ချက်ပြုတ်ခြင်းတို့တွင် ဝါသနာထုံသူကလေးဖြစ်၏။ ဟင်းတကာ့ဟင်းတွေထဲ သူမ အကျွမ်းကျင်ဆုံးဟင်းမှာ မြေပဲဆံထောင်းဟင်း ဖြစ်၏။

mgyoe.com

အကြိုက်ဆုံးလည်း ဖြစ်ဟန်တူသည်။ မြေပဲဆံထောင်း ဟင်းကလေးများ ပါလျှင် ခေါင်းမဖော်တမ်း စားတတ်သူကလေး ဖြစ်၏။ လူကလေးနှင့် မလိုက်အောင် အချဉ်အစပ်လည်း အင်မတန်ကြိုက်သူကလေး ဖြစ်၏။ အသား၊ ငါး စားသည်ကို မတွေ့ရသလောက် ဖြစ်သည်။

သူမလေးသည် အနေအေးသော်လည်း စိတ်ကောက်မိသည့်အခါတော့ တစ်လ ကိုးသတင်းတိုင်အောင် မခေါ် မပြောဘဲ နှုတ်ဆိတ်ဆန္ဒပြတတ်သူကလေး ဖြစ်၏။ အမှတ်သည်းခြေလည်း အင်မတန်ကြီး၏။ များသောအားဖြင့် နှုတ်မှ ထုတ်မပြောဘဲ အကြည့်အမူအရာတို့ဖြင့်သာ ပြန်လည်တုံ့ပြန်တတ်သူဖြစ်၏။ သူမ ရှေ့တွင် မတရားတာ လုပ်၍မရ။ ဤအခါမျိုးဆိုလျှင်တော့ ချက်ခြင်းလက်ငင်းဆို သလို လက်တုံ့ပြန်တတ်သူကလေး ဖြစ်၏။ အားနည်းသူ၊ မှန်ကန်သူဘက်မှ အမြဲ လိုလို ရပ်တည်ပေးတတ်သည့် မိန်းမငယ်လေးဖြစ်သည်။ စိတ်ဆိုး၊ စိတ်ကောက် ခဲသူကလေးဖြစ်သလို စိတ်ဆိုးမိသည့်အခါလည်း တော်ရုံ တန်ရုံနှင့် ပြန်ပြေတတ် သူမျိုး မဟုတ်ပေ။

ကလေးငယ်ကလေးတွေ၊ တိရစ္ဆာန်ကလေးတွေ မြင်လျှင် အသည်းတယား ယားနှင့် ချိုပိုးယုယတတ်သူ၊ ကြင်နာတတ်သူ၊ ချစ်တတ်သူကလေး ဖြစ်၏။ မိမိ ထက် သာသူတွေ့လျှင် ချီးကျူးရန် ဝန်မလေးတတ်သော၊ ရှားရှားပါးပါး မုဒိတာ ပွားနိုင်သူကလေးလည်း ဖြစ်သည်။ မိမိထက် နိမ့်ကျနွမ်းပါးသူတွေ့လျှင်လည်း မျက်ရည်ဝဲအောင် ကြင်နာသနားတတ်သူကလေး ဖြစ်၏။

ဆယ့်သုံးနှစ်အရွယ် ရှစ်တန်းကျောင်းသူကလေးဖြစ်သော်လည်း သာသနာ့ ဘောင်တွင် မကြာခဏ ဝင်ရောက်၍ သားကြီးငါးကြီး ရှောင်ရှားသူကလေးမို့ မိသားစု၊ သူငယ်ချင်းတို့၏ ချစ်ခင်ခြင်းကို ခံရသူကလေးဖြစ်၏။ အသီးအနှံလောက် သာ စားသူမို့ သူမခန္ဓာကိုယ်ကလေးဟာ တကယ့်ကို ပါးပါးလှပ်လှပ်ကလေးရယ်။ သူမလေးကို မြင်ရသည်မှာ လေနှင်ရာ ဝေ့ဝဲနေတတ်သည့် ပိတောက်သီးကလေး လိုပင်။

အမေဖြစ်သူက သူမ ငယ်ဘဝတွင် နိုင်ငံရပ်ခြားတွင် ပညာသင်ယူနေ သည့်အချိန်မို့ ဖအေနှင့်သာ နေခဲ့ရသည့် ဘဝလေးမှာ သူမကလေး အနည်းငယ် စိတ်မလုံမခြုံဖြစ်ခဲ့ပုံရ၏။ ငယ်ဘဝမှ ယခုအရွယ်သို့ရောက်သည့်တိုင် အိပ်ရာ အထက်တွင် အပေါ့အပါးစွန့်နေဆဲပင်။ သူမတို့ ညီအစ်မတစ်တွေ နေ့စဉ်လိုလို ဘီလူးချောင်းကလေးဆီသွား၍ သေးစိုအဝတ်ကလေးတွေ လျှော်ရသည်မှာလည်း

mgyoe.com

ယနေ့ထက်တိုင်ပင်။ သူမသည်လို အပေါ့စွန့်မိလေတိုင်း အမေဖြစ်သူ မမနွေကသာ ဆူပူငေါက်ငန်း၍ အဖေဖြစ်သူကမူ သမီးကလေးအပေါ် တစ်ခါသော်မျှ အပြစ်မမြင်ခဲ့ဘဲ နားလည်ပေးတတ်ခဲ့သူဖြစ်၏။

တချို့ မမနွေ မရှိသော နေ့ရက်များတွင် သမီးဖြစ်သူ၏ သေးစိုအဝတ်ကလေး၊ စောင်ကလေးတွေကို သူကိုယ်တိုင်ပင် နှစ်နှစ်လိုလို လျှော်ပေးတတ်ခဲ့သူဖြစ်၏။ ကလေးလေးအရွယ်ကလေးကတည်းက လျှော်ခဲ့ဖူးသူမို့ ထူး၍ မထူးဆန်းနေတော့ခြင်းလည်း ဖြစ်နိုင်ပါသည်။ သမီးတွေကို ချစ်တတ်သော၊ ကြင်နာတတ်သော ကိုစိုင်းကို မြင်ရသည့်အခါတိုင်း ဖေဖေ့ကို တိုး၍သာလွမ်းရသည်။ သည်မြင်ကွင်းတွေကို မြင်ရတိုင်း မျက်ရည်ဝဲအောင်ကြည်နူးမိရသည်။

သမီးကလေးတွေ တဖြည်းဖြည်း အရွယ်ရောက်လာသည့်အခါ တစ်ချိန်ချိန်လက်လွှတ်ရမည်မှာ ဓမ္မတာမို့ မခွဲခွာခင်အချိန်ကလေးမှန်သမျှ တန်ဖိုးထားချစ်ခင်ခဲ့ရကြောင်း ဖခင်တစ်ယောက်အနေနှင့် ပြနိုင်သမျှ ပြသနေခြင်းလည်း ဖြစ်နိုင်ပါသည်။ အဖေဆိုတာ သမီးတွေအတွက်တော့ အချစ်ဦးပဲမို့လား။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၈)

**နန်းမေကူးကူး**

နန်းမေကူးကူးသည် မမနွေ၏ အားအထားရဆုံး သမီးဦးကလေးဖြစ်၏။ အရပ်ရှည်ရှည်၊ ပိန်ပိန်သွယ်သွယ်နှင့် အင်မတန်ပေါ့ပေါ့ပါပါး၊ ပျော်ပျော်နေတတ်သူကလေးဖြစ်၏။ မမနွေတစ်ယောက် ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားနေစဉ် တစ်လျှောက်တွင် သူမ အသက်ကလေးဟာ ဘယ်လောက်မျှပင် မရှိသေး။ သို့သော် အစ်မကြီး အမိရာ ဆိုသကဲ့သို့ပင် ချစ်စရာညီမငယ်ကလေးနှစ်ယောက်အပေါ်တွင် အစ်မကြီးပီသခဲ့သူ ဖြစ်၏။

သူသိသလောက် တတ်သလောက်ကလေးနှင့် ညီမငယ်လေးတွေအပေါ် ချစ်ခင်သနားမှုကို ပြသခဲ့သူဖြစ်၏။ ပညာရေးဘက်တွင်လည်း မလစ်ဟင်းစေရအောင် တတ်သမျှ၊ မှတ်သမျှကလေးနှင့် သင်ကြားပေးတတ်သူကလေး ဖြစ်၏။ အခန်းထဲတွင် အမြဲလိုလို အဆင့် ၁၊ ၂၊ ၃ ဝင်ကာ မြန်မာစာနှင့် အင်္ဂလိပ်စာ ထူးချွန်သူကလေးလည်း ဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်ကလေးနှင့် သူ့ကျောင်းစရိတ် သူ့ဘာသာရှာသည်။ ဖအေမအေဆီက တစ်ခါဆိုတစ်ခါသော်မျှ လက်ဖြန့်မတောင်းတတ်သူကလေးဖြစ်၏။

တိုင်းတစ်ပါးရှိ မိခင်ဖြစ်သူကို လွမ်းလှသည့် အခါမျိုးတွင်မတော့ ကျမျက်ရည်စို့ခဲ့ရသည့်အချိန်တွေလည်း ရှိရသည်ပင်။ သို့သော် သူ ငိုလျှင် အငယ်

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးနှစ်ယောက်ပါ အားငယ်ဝမ်းနည်းကြမည်ကို စိုးရိမ်သူကလေးမို့ အငယ်ကလေးတွေကွယ်ရာ၊ ဖခင်ကွယ်ရာရောက်ပါမှ တိတ်တဆိတ် ငိုတတ်ခဲ့သူဖြစ်၏။ သန်မာချင်ယောင်ဆောင်ထားသည့် ကောင်မလေးဟာ ရုတ်တရက်ကြည့်လျှင် မျက်နှာကြော ခပ်မာမာနှင့် ခင်မင်နှစ်လိုဖွယ်ရာ မရှိလှသူဟု ထင်ရ၏။

သို့ရာတွင် တကယ့်တကယ် အတွင်းနက်နက်က နှလုံးသားလေးဟာတော့ ဖြူစင်နုနယ်လှ၏။ အရွယ်နှင့်မလိုက်စွာ အမေ့နေရာတွင် ကြီးပြင်းခဲ့ရသည်ကြောင့်သာ သည်မျက်နှာပြင်ဟာ မမာချင်ပါဘဲ မတင်းချင်ပါဘဲ ဟန်ဆောင်မာကြောခဲ့ရာမှ ယခုတော့ ခေါက်ရိုးကျိုးခဲ့ပြီ ထင်၏။ ပျော်ပျော်နေတတ်သူကလေးဖြစ်သော်လည်း မျက်နှာကြောဟာတော့ မှုန်ကုပ်တင်းမာဆဲ။ ဘယ်အရာမဆို ဟန်မဆောင်တတ်သူ ကောင်မလေးဟာ ရယ်မောလိုက်လျှင်တော့ အင်မတန်မှ နှစ်လိုဖွယ်ရာရှိလှသည်။ သူမရယ်သံကို နားဆင်မိသူတိုင်း လိုက်ပါပြုံးပျော်ရသည်အထိ ချစ်ဖို့ကောင်းလှသူကလေး ဖြစ်သည်။

သူ့ကိုယ်သူ ကူး ဟူ၍ ပြောဆိုသုံးနှုန်းတတ်သူကလေး ဖြစ်၏။ အငယ်နှစ်ယောက်ကတော့ မကူး ဟူ၍ အားကိုးတကြီး ချစ်ခင်တွယ်တာစွာ ခေါ် ဆိုတတ်ကြ၏။ ဉာဏ်အင်မတန်ကောင်းသူ၊ ထက်မြက်သွက်လက်လွန်းသူမို့ အငယ်ကလေးနှစ်ယောက်၏ အထင်ကြီးလေးစားခြင်းကိုလည်း ခံခဲ့ရသူကလေးဖြစ်၏။

ကူးသည် ညီအစ်မသုံးယောက်တွင် တစ်မျိုးတစ်ဘာသာ ထူးသူကလေးဖြစ်၏။ ခင်လေးလို ချစ်စရာမျိုးလည်းမဟုတ်သလို၊ အလတ်မ မိုမိုလေးလိုလည်း လှပလွန်းသူလေး မဟုတ်ပြန်ပါပေ။ သို့သော် တစ်အိမ်လုံးတွင် ထက်ထက်မြက်မြက်နှင့် ဆွဲဆောင်မှုအရှိဆုံး ရုပ်ကလေးကို ပိုင်ဆိုင်ထားသူကလေး ဖြစ်၏။ မျက်လုံးကလေးတွေသည် မျက်ရစ်တိတိကျကျ မပြင်ရသော ခပ်ရှည်ရှည် မျက်ဝန်းကလေးတွေဖြစ်၏။

လေးထောင့်ဆန်ချင်သည့်မေးရိုးနှင့် နှုတ်ခမ်းခပ်ပါးပါး၊ အရပ်ခပ်မြင့်မြင့်ကို ပိုင်ဆိုင်ထားသူကလေးမို့ ရုပ်ကလေးက မြန်မာသိပ်မဆန်လှ။ ရိုးရိုးသာမန်အရပ်သူနှင့်လည်း မတူလှဘဲ မော်ဒယ်လ်ကလေး တစ်ယောက်နှင့်ပင် တူနေသေးတော့၏။ လမ်းလျှောက်လျှင်လည်း မိမိကိုယ်ကို ယုံကြည်မှုအပြည့်နှင့် လျှောက်တတ်သူမို့ သူကလေးများ လမ်းလျှောက်လျှင် ယွန်းမှာ ကြည့်မဝ၊ ရှုမဝအောင် သဘောတကျ ရှိလှသည်။

မမန္တေနှင့်မတူဘဲ အဖေဖြစ်သူ ကိုစိုင်းထူးခေါ် ကိုစိုင်းနှင့်တူလှသူကလေး

mgyoe.com

mgyoe.com

ဖြစ်၏။ နှုတ်ခမ်းပါးပါးပေါ်က မဲ့နက်ကလေးကအစ၊ နှုတ်ခမ်းသေးသေးကလေး အဆုံး ဖအေနှင့်တူလှသူမို့ အဖေ့အသည်းစွဲကလေး ဖြစ်ဟန်တူ၏။ ဖအေဘက်မှာ ဘွားအေ၏ အသည်းစွဲကလေးလည်း ဖြစ်သည်။ အရပ်ရှည်လှသူမို့ ဖအေဖြစ်သူနှင့် လည်း မတိမ်းမယိမ်းသောအရပ် ရှိသည်။ ယွန်းအထင် ငါးပေးခြောက်ခန့် ရှိမည် ထင်သည်။

ငယ်ရွယ်လွန်းသည့် ကလေးဘဝမှာပင် ကိုယ့်စာအုပ်ဖိုး ကိုယ့်ဘာသာ ရှာနိုင်သူ၊ ငွေတန်ဖိုးသိလွန်းသူ၊ မိဘအပေါ် အလိုက်အသိတတ်ဆုံး သူအဖြစ် အစ်မကြီးအမိရာ ပီသခဲ့သူဖြစ်၏။

♦♦♦

mgyoe.com

mgyoe.com
SAMPLE BOOK

# အပိုင်း (၉)

ကိုကိုတိုး ပြန်သွားတော့ ယွန်းတစ်ယောက်တည်း ငေါင်စင်းစင်းနှင့် ကျန်ခဲ့ရသည်။ မမနွေရော၊ ကိုစိုင်းရော ကျောင်းဖွင့်သည့်ရက်ဆိုလျှင် ပိုဆိုးသေးသည်။ နှစ်ယောက်စလုံးက ကျောင်းဆရာ၊ ဆရာမတွေမို့ အချိန်ပြည့် ကျောင်းသွားနေကြရသည်။

စာသင်ဝိုင်းတွင်ရှိသော ကလေးမှန်သမျှလည်း ကျောင်းသွားနေကြရသည်မို့ နောက်ဆုံးတော့ ဆိတ်ငြိမ်လှပလွန်းလှသည့် ခြံဝန်းကျယ်ကျယ်၊ အိမ်ကျယ်ကျယ်ကြီးထဲတွင် ယွန်း တစ်ယောက်သာ ငေါင်စင်းစင်းနှင့် ကျန်ရစ်ခဲ့ရစမြဲ။ သည်အခါမျိုးဆိုလျှင် ဖေဖေနှင့် မေမေတို့အား ပို၍ လွမ်းတမ်းတရ၏။ မုန့်ထုပ်တို့လို့တွဲလောင်းနှင့် ဖေ့ဖေ့အိမ်ဆိုင် ယိုင်နဲ့နဲ့ ကလေးကိုလည်း သတိရသည်။ မေမေ့လက်ရာ ခေါ်ပုတ်ကင်ကလေးကိုလည်း အောက်မေ့တမ်းတသည်။ သည်လို လွမ်းတမ်းတရတိုင်း မမနွေ၏ ခြံဝန်းလှလှကလေးထဲ လမ်းဆင်းလျှောက်ရင်း အလွမ်းဖြေမိသည်ချည်း။

မမနွေတို့ခြံဝန်းကလေးကို ယွန်း သိပ်သဘောကျရသည်။ အိမ်ရှေ့တွင် ချစ်စဖွယ် မြတ်လေးပန်းရုံကလေး ရှိသည်။ မြတ်လေးပန်းရုံကလေးမှာ ယွန်း တစ်ခါသော်မျှ မတွေ့ဖူးသည့်ပုံစံကလေး ဖြစ်သည်။ အိမ်အဝင် သစ်သားဝင်ပေါက်ခုံးခုံးကလေးပေါ် နွယ်တက်နေသည်မို့ တံခါးပေါက်ကလေးကို အဝေးမှလှမ်းကြည့်

mgyoe.com

m gyi.com SAMPLE BOOK

လျှင် လခြမ်းသဏ္ဌာန် မြတ်လေးပန်းရုံကလေးအနေနှင့်သာ မြင်ရတတ်၏။

နွယ်ကလေးတွေ ရစ်ပတ်ပိန်းပိတ်နေသည်မို့၊ နေပြောက်ပင် မထိုးနိုင်အောင် အရိပ်ရသည့် နေရာကလေးဖြစ်သည်။ တစ်နည်းအားဖြင့်၊ မွှေးလည်းမွှေး၊ အေးလည်းအေးသည့် မြတ်လေးပန်းရိပ်ကလေးမို့ သည်အိမ်ကလေးမှာ ယွန်းမကြာခဏဆိုသလို ထွက်ထိုင်တတ်သည့် နေရာကလေး။ ဖေဖေနှင့် မေမေ့ကို သတိရလွမ်းဆွတ်သည့်အခါ ပန်းပင်ကလေးတွေ တောင်ငေး၊ မြောက်ငေး ငေးမောရင်း အလွမ်းဖြေရသည့်နေရာကလေး ဖြစ်၏။

ဒုတိယ အချစ်ရဆုံးမှာတော့ သော်ကပန်းနှင့် ခင်လေးဆတ်ဆတ်တုန်ပန်းကလေးတွေ တစ်ခြမ်းဆီစိုက်ထားသည့် အဖြူရောင်သစ်သားတံတားကလေးဖြစ်၏။ ရေကန်အတုကလေးပေါ် တွင်ရှိသည့် တံတားဖြူကလေး၏တစ်ဖက်တစ်ချက်စီတွင် လိမ္မော်ရောင်နှင့် ပန်းခရမ်းရောင်တို့ တစ်ဖက်တစ်ချက်စီ နေရာယူထားပုံမှာ ကဗျာဆန်လွန်းလှချည့်။

နှစ်ထပ်တိုက်အိမ်ကလေး၏ အိမ်ရှေ့မျက်နှာစာ ညာဘက်ထောင့်တွင်မူ ပန်းခြံကလေးရှိ၏။ ပန်းခြံကလေးထဲတွင် စကားစိမ်း၊ စကားဖြူ၊ တတိုင်းမွှေး၊ ရွက်လှ၊ သစ်ခွ၊ နှင်းဆီ၊ ဂျပန်မီးပုံးနှင့် အခြား ယွန်း မသိသေးသော ပန်းကလေးများစွာလည်း ရှိသည်မို့ ပန်းပေါင်းစုံရနံ့တို့ဖြင့် သင်းပျံ့ထုံမွှေးနေသည့် ပန်းခြံကလေးဖြစ်၏။

အထူးသဖြင့် အဆုပ်လိုက်ပွင့်သည့် နှင်းဆီဖြူပန်းရုံကြီးကို ယွန်း သဘောအတွေ့ရဆုံးဖြစ်၏။ ပန်းကလေးတွေအများစုကို ပန်းအိုးနှင့် စိုက်ထားခြင်း မဟုတ်ဘဲ မြေချ စိုက်ထားသည်ကြောင့် ပို၍ နှစ်လိုဖွယ်ရာ ကောင်းနေခြင်းဖြစ်သည်။ ပန်းခြံကလေးပတ်ပတ်လည်ကိုမူ ဝါးခြမ်းကလေးများဖြင့် ကွက်စိပ်ချ၍ ကာရံထားသည်မှာလည်း အမြင်ရှင်းရှင်းနှင့် ချစ်စဖွယ်ပင်ဖြစ်၏။

မျက်နှာစာ ဘယ်ဘက်ခြမ်းတွင်မူ၊ ဒန့်သလွန်ပင်နှင့် ပိတောက်ပင်အိုကြီးနှစ်ပင်ရှိ၏။ ပိတောက်ပင်ကြီးအောက်တွင် မိုးပြာရောင်ဒါန်းကလေးချထားသည်မို့ ဤနေရာကလေးသည်လည်း အပန်းဖြေဖို့ရာ စာဖတ်ဖို့ရာ အင်မတန်ကောင်းသည့်နေရာကလေးဖြစ်၏။

နှစ်ထပ်အိမ်ကလေး၏ အနောက်တွင်မူ အင်ဖတ်မိုးထားသည့် ချစ်စဖွယ်သစ်သားအိမ်ကလေးတစ်လုံးလည်း ရှိ၏။ မမနွေ ဂျပန်မသွားမီအချိန်က မိသားစုတွေနေခဲ့သည့် အိမ်ဟောင်းလေးဟု သိရသည်။ ဂျပန်သို့ ပညာတော်သင်သွားရ